စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၇ ၊ အမှတ် ၄ ၊ ၂၀၁၄ ခုနှစ် ၊ ဖေဖော်ဝါရီလ

## အထူးဈေးရောင်းပွဲတော် ဖွင့်လှစ်ပေး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၏ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ မင်းကင်းမြို့နယ် ခရီးစဉ်တွင် တောင်တွင်း/မင်းကင်းဆက်သွယ်သည့် 'ကျော်ကွာ' လမ်းဖောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၃၀၀နှင့် ဒေသဖွံ့ဖြိုးရေးအတွက်အလှူငွေ ကျပ်သိန်း ၁၆၀ ၊ စုစုပေါင်းကျပ်သိန်း ၄၆၀ ၊ SKY NET ဂြိုဟ်သံဖမ်းစက်အလုံး ၅၀ ၊ ပန်းပေါင်းဘုရားဆင်းတုတော် ၁,၃၂၈ ဆူ ၊ Laptop ကွန်ပျူတာ ၄ လုံးနှင့် အလှူရှင်ဦးဌေးလွင်မိသားစုမှ အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ . . . . . စာမျက်နှာ ၂ သို့ -

**ကုန်ပစ္စည်းကို တီဗွီမှာကြော်ငြာတာထက် စားသုံးသူအချင်းချင်းပြောတာက ပိုပြီးတော့ ထိရောက်တယ်။ ကုန်ပစ္စည်းရဲ့ Branded က နာမည်ပျက်သွားရင် ပြန်ပြီးနလန်ထူ ဖို့ မလွယ်တော့ပါဘူး။** စာမျက်နှာ ၆ သို့ -



**ပမေ့တော့ဘုရား ပန်ခါးမြေ**

စာမျက်နှာ ၇ သို့ -

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်

## အထူးဈေးရောင်းပွဲတော် (မင်းကင်းမြို့) ဖွင့်လှစ်ပေး၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**မျက်နှာဖုံးမှ -**

စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (မင်းကင်းမြို့) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်တာဝန်ရှိသူများက ဈေးရောင်းပွဲတော်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အရောင်းဆိုင်များကိုကြည့်ရှုအားပေးသည်။

အထူးဈေးရောင်းပွဲတော်တွင် စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော အဝတ်အထည် အမျိုးမျိုးနှင့်ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် မင်းကင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသော သက်ကြီးပူဇော်ပွဲသို့တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအားကန်တော့၍ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းသည်။

ယင်းနောက် မင်းကင်းမြို့ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး လူမှုရေးအသင်းအဖွဲ့များနှင့်ကျေးရွာများအတွက် SKY NET ရုပ်သံဖမ်းစက်များ၊ အခြေခံပညာအထက်တန်းကျောင်းပြုပြင်ရန် ငွေကျပ် ၁၀ သိန်း၊ ချမ်းမြေ့စည်ပညာရေးဖောင်ဒေးရှင်းအတွက် ကွန်ပျူတာ ၄ လုံး၊ ငွေကျပ် သိန်း ၂၀ နှင့်ဘုရားဆင်းတုတော်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍အောက်စသာကျေးရွာ၊ ပေါက်အိုင်ကျေးရွာနှင့် ကန်ရွာတို့၌ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသလူနေမှုဘဝမြင့်တင်ရေးကိစ္စများကို အချိန်အဟုန်မြှင့်ဆောင်ရွက်နေမှုနှင့် ဒေသခံများကဝိုင်းဝန်းကူညီကြရန်ပြောကြားပြီး ကျေးရွာများအတွက် SKY NET ရုပ်သံဖမ်းစက်များ၊ ကျောင်းများပြုပြင်ရန်နှင့် ကျေးလက်ဆေးပေးခန်းများတည်ဆောက်ရန် ငွေများနှင့်ဘုရားဆင်းတုတော်များပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီလ ၁၄ ရက်တွင် လက်ချိတ်ကျေးရွာ၊ သင်တောကျေးရွာနှင့် အုန်ခွဲဘုတ်ကျေးရွာတို့၌ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး SKY NET ရုပ်သံဖမ်းစက်များ၊ ကျောင်းများပြုပြင်ရန်နှင့် ကျေးလက်ဆေးပေးခန်းများဆောက်လုပ်ရန်အတွက်အလှူငွေများနှင့် ဘုရားဆင်းတုတော်များပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၏ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ မင်းကင်းမြို့နယ်ခရီးစဉ်တွင် တောင်တွင်း/မင်းကင်းဆက်သွယ်သည့် 'ကျော်ရွာ' လမ်းဖောက်လုပ်ရေးအတွက် အလှူငွေကျပ်သိန်း ၃၀၀၊ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၆၀၊ စုစုပေါင်းကျပ်သိန်း ၄၆၀၊ SKY NET ရုပ်သံဖမ်းစက်အလုံး ၅၀၊ ပန်းပေါင်းဘုရားဆင်းတုတော် ၁,၃၂၈ ဆူ၊ Laptop ကွန်ပျူတာ ၄ လုံးနှင့် အလှူရှင်ဦးဌေးလွင်မိသားစုမှ အလှူငွေ ကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီသည့်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံ၊ CLAAS Asia မှ Regional Director Dr. Jens Oeding ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရိတ်သိမ်းခြွေလှေ့စက်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဂျပန်ဧည့်သည်အဖွဲ့အားလက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဂျပန်နိုင်ငံ၊ Mitsubishi Corporation CEO for Metals Group Mr. Jun KINUKZWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နေ့လယ် ၂ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ သံမဏိလုပ်ငန်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံ၊ Federal Ministry for Economic Affairs and Energy မှ Parliamentary State Secretary Ms. Brigitte Zypries ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နေ့လယ် ၃ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ဂျာမနီနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကိုဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

## Crown Calcium Carbonate စက်ရုံအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှု

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဖန်ချက်ဝန် ဦးရွှေအိုးလမ်းရှိ ရွှေကြိုက်ကုမ္ပဏီ၏ Crown Calcium Carbonate စက်ရုံသို့ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးသိန်းကျော်နှင့် တာဝန်ရှိသူများက စက်ရုံ၏ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ Crown Calcium Carbonate စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါစက်ရုံသည် ၂၀၀၈ ခုနှစ်မှစတင်လည်ပတ်ခဲ့ပြီး တစ်လလျှင်သန့်စင်ပြီး Calcium Carbonate အမှုန့် တန် ၁,၅၀၀ ထုတ်လုပ်လျက်ရှိသည်။ Calcium Carbonate အမှုန့်ဖြင့် ဝါယာကြိုး၊ PVC ပိုက်၊ သွားတိုက်ဆေး၊ စက္ကူ ဆေးဝါးနှင့်အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်ပမှမှာယူတင်သွင်းရန်မလိုဘဲ ပြည်တွင်းလိုအပ်ချက်နှင့်အညီ အဆင့်မီထုတ်လုပ်လျက်ရှိသော ကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

QUALITY IS A
NEVER ENDING JOURNEY






# မှန်

**အောင်မှန်ကင်း**
**မီးခံအုတ် (ကျောက်ဆည်)**


❒ အနီးအဝေး
ရေးရေးပင် မကွဲပြား၊ ခွဲခြားရ အခက်တွေ့နေရင်
မျက်စေ့ အားတိုးဆေးတစ်လက်
အလင်းအတွက်စေတမန် မျက်မှန်။

❒ ဖီးလိမ်းချယ်သ
အချိုးကျ သဲလဲစင်၊ ရှုမြင်သူထပ်
အကဲဖြတ် ပံ့ပိုးပေးတဲ့
အမျိုးသမီးထုရဲ့ အလှသခင်
ကြေးမုံမှန်ပြင်။

❒ လက္ခဏာပညာရှင်
လက်ဖဝါးပြင်မှာ ထင်ဟပ်ပါလာတဲ့
ကံကြမ္မာအနှစ်၊ အရစ်အမွှာအမျှင်
ခွဲ့ထွင်သိ ဟောချက်မိအောင်




အဆောင်ထူးက
မှန်ဘီလူး။



❒ အိမ်၊ တိုက်၊ ပြတင်း
အလင်းကျ မှန်၊ လေကာ မှန်
ဘီရို မှန်၊ အတွင်းကွယ် မှန်
ကျည်ကာ မှန်၊ မှန်...မှန်...မှန်။

❒ အမျိုးစုံ
လူသုံးကုန်တွေထဲမှာ မှန်ဟာ
စွာတာတာ အချစ်ဖူးလို့
ရှူးမလောက် ခွဲလန်းနေကြတယ်။



❒ အသုံးတွင်ကျယ် နယ်ပယ်အတွင်း
ချဉ်းနင်း မင်းမူအခြေချ
ပြည့်ဝတဲ့ အရည်အသွေးနဲ့
ဈေးကွက်လိုအပ်ချက်ဖြည့်မီ
စက်မှုဇုန် နန်းဆောင်အတွင်းသလွန်ထက်
(ကျောက်ဆည်) မှန်စက်ရုံ
လက်သီး လက်မောင်း ဆန့်
သန့်စင် မွေးဖွားလာပြီ။

(ကျောက်ဆည်) မှန်စက်ရုံဖွင့်ပွဲ အမှတ်တရ




**အေးဖြူ**

အုပ်ချုပ်မှုနယ်ပယ်မှာ Leadership ဆိုတဲ့ ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး ရေးကြ၊ ဆွေးနွေးကြ၊ ပြောဟောကြတဲ့သူတွေ တစ်ပုံတစ်ပင်ပါ။ စီးပွားရေးလုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေ တည်ရှိနေသမျှကာလပတ်လုံး၊ လူ့စွမ်းအားအရင်းအမြစ်တွေဆိုင်ရာ စီမံခန့်ခွဲအုပ်ချုပ်ဖို့အတွက် ခေါင်းဆောင်တွေကလည်း ရှိရဦးမှာပါပဲ။

စက်မှုတော်လှန်ရေးမှသည် ယနေ့အချိန်တိုင် မကြုံစဖူး၊ အံ့မခန်းတိုးတက်မှုတွေနဲ့အတူ ကမ္ဘာကြီးဟာလည်း ပြားပြီလို့ဆိုရလောက်အောင် Globalization ခေတ်ရဲ့ ရိုက်ခတ်မှုများနဲ့ နေရာအနှံ့ 'Change' ဆိုတာကို ကြုံတွေ့နေရတယ်။ 'Leadership 2020' ဆိုရင်လည်း ယနေ့ခေတ်ပေါ်အယူအဆတွေ သဘောတရားတွေနဲ့ကွဲလွဲပြီး ပြောင်းလဲမှုတွေဖြစ်လာမယ်လို့ အုပ်ချုပ်မှုပညာရှင်တွေပြောနေကြတယ်။

ဒီလိုပြောင်းလဲမှုတွေဖြစ်စေဖို့ တွန်းပို့နေတဲ့ တွန်းအားတွေအဖြစ် ယေဘုယျလက်ခံထားကြတာကတော့ အကြောင်းခြင်းရာ ငါးချက်လို့ဆိုပါတယ်။ ပထမအချက်ကတော့ IT ခေါ်တဲ့ Information Technology သတင်းအချက်အလက်နည်းပညာကဏ္ဍမှာ အဆမတန်တိုးတက်




လာမှုနဲ့ဆိုင်ပါတယ်။

IT ခေတ်ကြောင့် ကမ္ဘာအနှံ့အရပ်ဒေသမရွေး အချိန်တိုအတွင်း ချိတ်ဆက်နိုင်တာ၊ Social Media လူမှုဆက်သွယ်ရေးအပိုင်းမှာ လူတွေပိုပြီးအသုံးများဆက်သွယ်ရေးလမ်းကြောင်းတွေ ပိုကောင်းလာတာတွေကြောင့်၊ အရည်အချင်းရှိသူတွေကို အဖွဲ့အစည်း၊ ကုမ္ပဏီကြီးတွေက အဟန့်အတားမရှိ ရှာဖွေတွေ့ရှိခေါ်ယူ အသုံးပြုနိုင်တာ၊ facebook, twitter, ipad, iphone, tablets တွေနဲ့ သတင်းအချက်အလက်တွေ ပွင့်ဖောင်းလာမှုတွေကြောင့် အုပ်ချုပ်သူခေါင်းဆောင်များအတွက် စဉ်းစားရွေးချယ်ကျင့်သုံးရမည့် လမ်းကြောင်းတွေလည်း များလာပါမယ်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းထက်ကို Team သဘောနဲ့ လုပ်ကိုင်ဆောင်ရွက်တာက ပိုပြီးထိရောက်တဲ့အုပ်ချုပ်မှုပုံစံမျိုးကို ပိုပြီးလက်ခံလာတဲ့အနေအထားဖြစ်မယ်။

အလားတူပဲ Changes တွေက ကမ္ဘာအနှံ့ထောင့်မျိုးစုံက လာနေမှာဖြစ်လို့ အပြောင်းအလဲလိုအပ်ချက်အရ မိမိအဖွဲ့အစည်းကိုလည်း လျှင်လျှင်မြန်မြန်နဲ့ လိုက်လျောညီထွေ ပြောင်းလဲညှိနှိုင်းဆောင်ရွက်နိုင်မဲ့ လျော့တင်းနိုင်စွမ်းရှိအောင် လုပ်ဖို့လိုလာပါမယ်။

ခေါင်းဆောင်မှုနောက်လိုက်ပါကြမဲ့ အလုပ်သမားထုအတွင်းမှာလည်း မျိုးဆက် ၅ ခုလောက်ကို ပါဝင်လာနိုင်တာမို့ ခေါင်းဆောင်ရဲ့ သူတို့နဲ့ပတ်သက်ပြီး ခံယူချက်သဘောထားအမြင်တွေကို ပြည့်စုံစွာ သိထားဖို့လိုလိမ့်မယ်လို့ ပြောကြတယ်။ အထူးသဖြင့် '2020 work force' မှာ Generation Y လို့ခေါ်တဲ့ Millennials တွေ များမယ်လို့ခန့်မှန်းတယ်။ U.S မှန်းခြေအရ 46 % ရှိမယ်လို့ Internet မှာဖော်ပြတယ်။ 1980 s နဲ့ 1990 s နှစ်များမှာ မွေးဖွားလာပြီး၊ အလုပ်ခွင်ထဲအများစုရောက်နေမယ့် သူတွေလို့ဆိုတယ်။ အရင်မျိုးဆက်တွေနဲ့မတူ Work life ပုံစံ၊ အုပ်ချုပ်ခံအခြေအနေများအတွက် ပုံစံကွဲထူးခြားတဲ့သူတွေလို့ သိထားကြတယ်။ Technology ကျွမ်းပြီး၊ တစ်ချိန်တည်း အလုပ်တွေအများကြီးလုပ်ကြတဲ့ Multi Taskers လို့လည်း ညွှန်းကြတယ်။ သူတို့တွေက Mobile ဖြစ်တယ်။ အဖွဲ့အစည်းအတွက် Social Media လည်းဖြစ်တယ်။ ခေါင်းဆောင်လုပ်ရတာကိုလည်း သဘောကျတယ်လို့ ဆိုထားတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ စာရင်းဇယားအရတော့ ပျမ်းမျှ တစ်နာရီမှာ (၂၇) ကြိမ်လောက် Media platforms အမျိုးမျိုးပြောင်းလဲ အသုံးချတယ်လို့ပါရှိတယ်။ Laptop, Smart phones, Tablets, TV ကစလို့ နည်းပညာပစ္စည်းအစုံသုံးကြတယ်။

'The 2020 workplace' စာအုပ်ကို ပူးတွဲရေးကြတဲ့ စာရေးသူနှစ်ဦး (Dr Karie Willyerd နဲ့ Jeanne C. Meister) က '2020 Leadership Model' ဆိုပြီး ပုံဖော်ထားတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အနာဂတ်ခေါင်းဆောင်တွေအတွက် ဂရုထားရမဲ့ ခေါင်းဆောင်မှုကဏ္ဍငါးခုကို ထောက်ပြထားတယ်။

(၁)ပူးပေါင်းဆောင်ရွက်ချင်တဲ့ Mindset နဲ့ဆက်နွယ်နေတဲ့ ခေါင်းဆောင်မှုကွန်ယက်မှာ အခက်အခဲမရှိ သက်တောင့်



သက်သာ ပါဝင်လုပ်ဆောင်နိုင်သူဖြစ်ရမယ်။

(၂)မှန်ကန်တဲ့ feedback၊ သင့်လျော်တဲ့ လမ်းညွှန်ရှေ့ဆောင်မှု၊ သင်ယူနိုင်တဲ့ အခွင့်အလမ်းများ ဖန်တီးပေးမှုများနဲ့




အတူ ငယ်သားတွေ career တိုးတက်ဖွံ့ဖြိုးမှုကို အလေးထားသူ။

(၃)Digitally confident လို့ခေါ်တဲ့ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်တွေကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်သူ၊ ယုံကြည်ချက်အပြည့်ရှိသူ၊ လုပ်သားထုအတွင်း အသစ်ဆုံးလို့ဆိုရတဲ့ Generation Y တို့ရဲ့ တစ်ပြေးညီ Digital language ကို နိုင်နင်းသူ။




(၄)Global citizen လို့ဆိုနိုင်လောက်တဲ့ ပြင်ပနိုင်ငံများရဲ့ Culture နဲ့လည်း၊ အကျွမ်းဝင်သူ၊ နယ်စည်းမခြား အလုပ်လုပ်နိုင်သူ၊ အစိုးရအပြင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနှင့်လည်း



အဆင်ပြေစွာ ဆက်ဆံနိုင်သူ။

(၅)အနာဂတ်အတွက် မှန်ကန်တဲ့အမြင်များရှိပြီး၊ လုပ်ငန်းအတွက် စွမ်းဆောင်နိုင်ရည်များ မြှင့်တင်ပေးနိုင်သူ။

အချုပ်ဆိုရရင် ၂၀၂၀ ခေါင်းဆောင်များက Global Mindset ရှိပြီး လုပ်ငန်းအတွက်လည်း စွမ်းဆောင်နိုင်သူ၊ အပြောင်းအလဲအတွက် အရဲသင့်ရှိပြီး လိုက်လျောညီထွေကျင့်ကြံပြုမူနိုင်သူ၊ မိမိလုပ်သားများနဲ့ Team သဘောတရား ဆက်နွယ်မှုမျိုးနဲ့အတူ Network ကျွမ်းကျင်သူ၊ Talents ခေါ်တဲ့ လုပ်ငန်းအဖွဲ့အစည်းအတွက် ထူးချွန်တတ်ကျွမ်းတော်တဲ့သူတွေ




မွေးထုတ်ပေးနိုင်သူများ ဖြစ်ကြရပါမယ်။

ဒီလိုထိရောက်တဲ့ အနာဂတ်ခေါင်းဆောင်များဖြစ်နိုင်ဖို့အရေးမှာ စီးပွားရေးဆိုင်ရာ Risks တွေယူဖို့ ဖင့်နွှေးတာ၊ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ဘဝင်မြင့်




တာ Sensitive ဖြစ်တာ၊ Team သဘောမျိုးမဟုတ်ဘဲ ကြိုးကိုင်အုပ်ချုပ်ချင်တဲ့ ခေါင်းဆောင်မှုပုံစံမျိုးဖြစ်တာနဲ့ အလုပ်မှာ ခက်ခဲတဲ့ လူများနဲ့ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းဖို့ရာ နှောင့်နှေးတွန့်ဆိုင်းနေတာများက အထူးသတိထားရှောင်ရှားရမယ့် အချက်တွေလို့ ဆိုထားပါတယ်။

(Ref : The Nation, Nov 28th, 2011)

# P/M အစိတ်အပိုင်းများ၏ပုံစံ ( Design of P/M parts )

P/M parts များ၏ဖြစ်တည်နိုင်သော အကြောင်းတရားများသည် ဖိသိပ်မှုလုပ်ငန်းစဉ်များပေါ်တွင် လွန်စွာမှီခိုမှုရှိကြသည်။ ဥပမာအားဖြင့် သတ္တုအမှုန့်များ လွပ်လပ်စွာစီးမျောမှုမရှိခြင်း၊ အနားစွန်းများ ချွန်ထက်ခြင်း၊ အလျားရှည်ခြင်း၊ ပါးလွှာသောအစိတ်အပိုင်းပါဝင်ခြင်းနှင့် ကြီးမားကျယ်ပြန့်သော မျက်နှာပြင်ဧရိယာအတွက် ဖိအားမသက်ရောက်မီ ခက်ခဲစွာသတ္တုအမှုန့်များ ဖြည့်ရခြင်းနှင့်အတူ ဖိအားသက်ရောက်ပြီးနောက်တွင် သိပ်သည်းဆနည်းနည်းသာ ရရှိခြင်းတို့ဖြစ်ကြသည်။ Press များ၏သက်ရောက်အားမှာ ဒေါင်လိုက်အနေအထားတွင် အလျားလိုက်အနေအထားထက်ကောင်းမွန်သည်။ ဖိအားသက်ရောက်ရာလမ်းကြောင်းအတိုင်း ထောင့်မှန်ကျပါဝင်သော မြှောင့်ကြောင်းနှင့်ဖြတ်ပိုင်းများအတွက် ပုံမဖော်နိုင်သဖြင့် စက်နှင့်ခုတ်စားရမည်ဖြစ်သည်။ ပုံစံများသည် Press ၏ဖိအားစွမ်းရည်၊ ဖိတံ၏အလျားအရှည်၊ အလုပ်လုပ်နိုင်သည့်ဧရိယာပေါ်တွင်မူတည်၍ ကန့်သတ်ချက်အချို့ရှိကြသည်။

P/M parts များ၏အတိုင်းအတာများအတွက် ပိုမိုခွင့်ပြုရသည့် ပမာဏများမှာ အမျိုးမျိုးကွဲပြားကြသည်။ သတ္တုစပ်အမျိုးအစား၊ သိပ်သည်းဆ၊ အပူပေး၍တွယ်ဆက်မှုအားကောင်းအောင် ပြုလုပ်ရသည့်အပူချိန်နှင့် အချိန်အတိုင်းအတာ စသည်တို့အပေါ်တွင်မူတည်၍ ကွဲပြားကြသည်။ P/M parts များထုတ်လုပ်ရာတွင် ပုံမှန်ထုတ်လုပ်မှုထက် တိကျသေချာသောပုံစံထုတ်လုပ်မှုစရိတ်သည် ပိုမြင့်မားသည်။ အကြောင်းမှာ တိကျသေချာသော P/M parts များထုတ်လုပ်ရန် တိကျသေချာသော လက်နက်ကိရိယာများမှာယူရခြင်း၊ ထိန်းသိမ်းပြုပြင်ရခြင်းနှင့် အစားထိုးအသုံးပြုရခြင်းတို့ကြောင့်ဖြစ်ကြသည်။ နောက်တွင် အမျိုးမျိုးသော P/M parts များ၏ပုံစံတို့ကို ဖော်ပြထားသည်။

သတ္တုအမှုန့်နည်းပညာနှင့်ပြုလုပ်သော ထုတ်လုပ်မှု လုပ်ငန်းအားလုံးအတွက် သင့်လျော်သောပုံသဏ္ဌာန်မှာ အဝိုင်း (Cylindrical shape) သို့မဟုတ် စတုဂံ (Rectangular shape) တို့ဖြစ်ကြသည်။ သို့ရာတွင် ၄င်းတို့၏ မျက်နှာပြင်ဧရိယာသည် ကြီးမားကျယ်ပြန့်စွာ ပြောင်း လဲဖြစ်ပေါ်မှုမရှိရပေ။ ပစ္စည်းများ၏မျက်နှာပြင်အပေါ်ပိုင်း (သို့) အောက်ပိုင်းအစွန်းထွက်ခြင်းနှင့် အကွေ့အကောက် ရှိခြင်းများကို ပြုလုပ်နိုင်သည်။ အဆုံးဖက်တွင်ရှိသော Flange များကိုပြုလုပ်နိုင်သည်။ splines, gear teeth, axle holes, counter holes, straight knurls နှင့် keyway များကို အလွယ်တကူပြုလုပ်နိုင်သည်။ သို့ရာတွင် ဆန့်ကျင်ဘက်အရှုးများ (reverse angle)၊ အတွင်းဖက် ဝင်ထောင့်များ (Re-entrant angles) နှင့်အရစ် (Treads) များကိုမူ မပြုလုပ်နိုင်ပေ။

အချို့သောစီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပစ္စည်းများကိုတိုက်ရိုက်အပြီးသတ်ပုံဖိခြင်းမလုပ်ဘဲလိုအပ်မှုအကြမ်းထည်ကိုသာ ပုံဖော်လုပ်ဆောင်ကြပြီး၊ အပြီးသတ်လုပ်ငန်းစဉ်များကို စက်ခုတ်စားဆောင်ရွက်ကြသည်။ ပါးလွှာသည့်နံရံ (Thin wall)၊ ကျဉ်းမြောင်းသည့် (splines) နှင့်ချွန်ထက်သည့်အနားစွန်း (Sharp coner) များပြုလုပ်ခြင်းကို ရှောင်ကျဉ်ရပါမည်။ ပစ္စည်းများ၏သိသာလောက်သော အတိုင်းအတာများအဖြစ် Side wall များတွင် အထူပြောင်းလဲဖြစ်ပေါ်မှုသည် 0.03 in ထက် မငယ်ရဘဲ Uniform wall များအတွက် 0.06 in ထက်မငယ်ရပေ။ နံရံများ၏အထူ မညီမညာပြောင်းလဲမှု (abrupt change) များ၊ ငှက်တောင်မွှေးသဏ္ဌာန်အစွန်းများ (feather edges) ကိုရှောင်ရမည်ဖြစ်ပြီး အနားစွန်းများသည်လုံးဝန်းရပါမည်။ သေးငယ်ပြီး ရှည်လျားသောအပေါက်မဖြစ်ရပါ။ ပစ္စည်း၏အစွန်းထွက်ကို အပေါ်ဖက်တွင်အနည်းဆုံး 1/16 in သာရှိရမည်။ ရှေ့ကဖော်ပြထားသော သတိပြုရန်အချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် ထုတ်လုပ်မှုလုပ်ငန်းကို တိုးတက်ကောင်းမွန်စေသည့်အပြင် ပစ္စည်းကိရိယာများ၏ကုန်ကျစရိတ်ကို လျော့ကျစေပါသည်။ အကယ်၍ ပစ္စည်းများ၏အနားစွန်းများချွန်ထက်ခြင်းနှင့် ရှည်ပြီးပါးလွှာသောအစိတ်အပိုင်းများကို စို့ဖောက်ရာတွင် ကုန်ကျစရိတ်များရုံမက အပျက်အစီးများကြသည်။ ၄င်းတို့၏ထိန်းသိမ်းပြုပြင်ခလည်း ကုန်ကျစရိတ်များနိုင်ကြောင်း တွေ့ရှိရပါသည်။





Fig: Design tips for P/M parts. (From machine Design, Metals Reference Issue. The Penton Publishing Co., Cleveland, 1970.)

ကိုစ (သတ္တုဗေဒ)

# အရည်အသွေးရှိ ပစ္စည်းဆိုရာဝယ်




တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာအိမ်ရာသို့ သမီးသူဇာနှင့် သမီးခင်ဆွေငြိမ်းတို့ အလည်အပတ်ရောက်ရှိလာလေသည်။ သမီးသူဇာက ရောက်ရောက်ချင်းပင်-

'ဆရာ ဒီလကုန်ရင် သမီးတို့စက်ရုံကို ငှားရမ်းသူက ထုတ်ကုန်အသစ်ထုတ်မှာ နော်'

ဟုပြောရာ-

'အေးလေ ဘာဖြစ်လို့လဲ'

ဟု ကျွန်ုပ်ကဆိုရာ-

'ထုတ်ကုန်အသစ်ထုတ်ရမှာ စိတ်မပါသလိုကြီးဆရာ'

ဟုပြန်ပြောရှာလေသည်။ အဲဒီအခါ သမီးခင်ဆွေငြိမ်းက-

'အရင်ထုတ်ကုန်က ရောင်းမရတော့ဘူး။ လူနေမှုစတိုင်လ်ပြောင်းသွားလို့။ အခု new product ထုတ်မှာ၊ အဲဒါ ကောင်းတယ်'

ဟုထောက်ခံပြောနေလေသည်။

'ဒါပေမဲ့ အရင်ထုတ်ကုန်က အရည်အသွေးမီတယ်လေ'

ဟုသမီးသူဇာက ဆင်ခြေပေးနေလေရာ-

'ကဲ ကဲ စကားများငြင်းခုံမနေကြနဲ့။ သမီးတို့ပြောတာ တစ်ခုမှမဟုတ်ဘူး'

ဟု ကျွန်ုပ်ကဘရိတ်အုပ်ရလေသည်။ သမီးများငြိမ်ကျသွားရာ ကျွန်ုပ်က-

'ဒို့ထုတ်တဲ့ကုန်ပစ္စည်းတွေ မရောင်းရတာ လူနေမှုစတိုင်လ်ပြောင်းသွားလို့ဆိုတာ ဆရာကတော့လက်မခံဘူး။ ဒါက အနည်းအကျဉ်းတော့မှန်မယ်။ အဓိကက Quality product ခေါ် အရည်အသွေးမီ ပစ္စည်းမထုတ်နိုင်တာကြောင့်ပါ'

ဟုပြောရလေသည်။ သမီးသူဇာက-

'ဒါတော့ဆရာရယ် ဒီပစ္စည်းတွေကို သမီးတို့ကိုယ်တိုင်ထုတ်ခဲ့တာပဲ။ သေချာထုတ်ခဲ့တာ။ အရည်အသွေးမီပါတယ်'

ဟုဇွတ်ငြင်းနေလေသည်။ ထိုအခါ ကျွန်ုပ်က-

'သမီးတို့နှစ်ယောက်လုံးကို မေးမယ်။ အရည်အသွေးရှိ ပစ္စည်းဆိုတာဘာလဲ'

ဟုမေးရာ စဉ်းစားနေကြလေတော့သည်။

ကျွန်ုပ်ကဆက်ပြီး-

'ဆရာကပဲ ပြောပြပါ့မယ်။ အရည်အသွေးရှိပစ္စည်းဆိုတာ Quality is the ability of a product or service to meet customer's needs ပါ။ တကယ်တော့ စားသုံးသူလိုအပ်ချက်နှင့်ကိုက်ညီသောကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုပေးနိုင်သော စွမ်းရည်လို့နားလည်နိုင်တယ်။ မစ္စတာဂျေအမ်ဂျူရင်းကတော့ ကိုယ်ထုတ်လုပ်လိုက်တဲ့ပစ္စည်းတွေဟာ အသုံးပြုဖို့အတွက် အံဝင်ခွင်ကျ (Fitness for use) ဖြစ်ရမယ်။ ဒါမှ အရည်အသွေးမီပစ္စည်းလို့ဆိုတယ်။ တချို့ပညာရှင်တွေကတော့ ဝယ်ယူအသုံးပြုလိုသူ၏ဆန္ဒနှင့်ကိုက်ညီမှုရှိခြင်း၊ (Quality is conformance to customer's expectation ) ဖြစ်မှ အရည်အသွေးမီတယ်လို့ဆိုတယ်'

ဟုရှည်လျားစွာ ရှင်းပြရလေသည်။

ထိုအခါ သမီးသူဇာက-

'သမီးတို့ ဘယ်လောက်ကောင်းအောင် ထုတ်ခဲ့၊ ထုတ်ခဲ့ သမီးတို့ရဲ့ product က စားသုံးသူရဲ့ လိုအပ်ချက်နဲ့မကိုက်ညီလို့ ရောင်းအားကျပြီး ရှုံးသွားရတာပေါ့နော်'

ဟုစိတ်မကောင်းစွာ ပြောနေလေရာ

'အဲ့ဒီ product က မြန်မာသာမက ကမ္ဘာမှာပါ အခုထက်ထိသုံးနေဆဲပါ။ ထုတ်လုပ်သူကလည်း စားသုံးသူ၏လိုအပ်ချက်နဲ့ကိုက်ညီအောင် ထုတ်လုပ်ဆဲပါ သမီး'

ဟုအတိတ်ကိုတမ်းတရင်း ကျွန်ုပ်ကပြောပြနေမိလေသည်။ ကျွန်ုပ်တို့အားလုံးမှာ အတွေးကိုယ်စီဖြင့် တိတ်တဆိတ်ငြိမ်သက်သွားကြလေသည်။

သမီး ခင်ဆွေငြိမ်းက-

'အဲသလိုဆိုရင် အရည်အသွေးကို ဘာအချက်တွေနဲ့တိုင်းတာရမှာလဲ'

ဟုဆိတ်ငြိမ်မှုကို ဖြိုခွဲလိုက်လေသည်။ ကျွန်ုပ်က အရည်အသွေးဆိုင်ရာစာအုပ်ကိုယူပြီး

'ကုန်ပစ္စည်းတစ်ခု၊ ဝန်ဆောင်မှုတစ်ခုဟာ ဘယ်လောက်အရည်အသွေးရှိတယ်ဆိုတာကို ပညာရှင်တွေစုစည်းထားတဲ့ အချက် ၅ ချက်ရှိတယ်-

၁။ ဘယ်လောက်အထိ မှီခိုအားထားနိုင်သလဲ။
၂။ ဘယ်လောက်ကြာကြာခံသလဲ။
၃။ စံချိန်စံညွှန်းမီသလား။
၄။ အပြင်ပန်းအမြင်လှရဲ့လား။
၅။ စားသုံးသူကျေနပ်မှုရှိရဲ့လားဆိုတဲ့ အချက်တွေဖြစ်တယ်'

ဟု ပြောပြရလေသည်။

'ဟုတ်တာပေါ့ ဆရာရယ်၊ ကုန်ပစ္စည်းတစ်ခုဟာ ဘယ်လောက်ထိမှီခိုအားထားနိုင်သလဲဆိုတာ အဲဒီပစ္စည်းကိုအသုံးချနိုင်စွမ်းအားပေါ့နော်။ သမီးဆို ဒီဗီဒီအောက်စက်ဝယ်ရင် တရုတ်ထဲက Branded တံဆိပ်ကိုပဲ ဝယ်တယ်။ ဈေးလည်း ချိုတယ်။ အခွေအားလုံးဖတ်တယ်။ Memory stick ထဲကူးထည့်လို့ရတယ်။ Memory stick နဲ့လည်းဖွင့်လို့ရတယ်။ Function စုံတယ်။ ကွန်ပျူတာနီးနီးလောက် အသုံးချလို့ရတယ်'

ဟုသမီးသူဇာက သဘောပေါက်စွာပြောနေလေသည်။

ကျွန်ုပ်က-

'ဒုတိယအချက်ကတော့ကွာ ဘယ်သူမဆို ကိုယ့်ပစ္စည်းကို ရှိရှိသေသေကိုင်တွယ်ကြမှာပါ။ တာရှည်ခံဆိုတာက ပစ္စည်းကိုယ်တိုင်က ကောင်းလွန်းလို့ အကြမ်းပတမ်းသုံးတာတောင် မပျက်မစီးဘဲရှိနေတာ၊ ရှိရှိသေသေကိုင်တွယ်လို့မပျက်မစီးဘဲ တာရှည်ခံနေတာတွေဟာ အရည်အသွေးနဲ့ပတ်သက်တာတွေပေါ့ကွာ'

ဟုရှင်းပြရလေသည်။ သမီး ခင်ဆွေငြိမ်းက-

' ဆရာ သမီးက Assembly မှာလုပ်တာ၊ ဌာနခွဲအသီးသီးကထုတ်လုပ်လိုက်တဲ့ပစ္စည်းတွေကိုယူပြီး တပ်ဆင်ရတာ။ စံချိန်စံညွှန်း သတ်မှတ်တဲ့အတိုင်းအတာအတိုင်းထုတ်တာ၊ လိုက်နာရမယ့် အလုပ်၊ ကျင့်ကြံရမယ့် အပြုအမူ၊ ထားရှိရမယ့်စိတ်ထား၊ လုပ်ဆောင်ရမယ့် ဆောင်ရွက်ချက်၊ တူညီဝတ်စုံဝတ်တာကအစ စည်းကမ်းလိုက်နာတာအဆုံး အဲဒီ့စံချိန်စံညွှန်းတွေကို လိုက်နာရမှာကလည်း အရည်အသွေးပေါ့နော် ဆရာ'

ဟုတွေးမိသလိုပြောရာ

'ဟုတ်ပါတယ် သမီး။ သတ်မှတ်တဲ့ စံချိန်စံညွှန်းကိုမလိုက်နာရင် ဘယ်မှာအဆင့်မီကုန်ပစ္စည်းထွက်မလဲ။ တပ်ဆင်ရတာလည်း လွယ်လွယ်ကူကူဘယ်ဖြစ်မလဲ'

ဟုကျွန်ုပ်ကမြင်သာအောင် ပြောပြရလေသည်။

သမီးခင်ဆွေငြိမ်းက ဆက်ပြီး-

'ဆရာ စတုတ္ထအချက်ကကော'

ဟုမေးရာ ကျွန်ုပ်က-

'အသွင်အပြင်ကလည်း အရေးကြီးတာပေါ့။ သမီးဝယ်တဲ့စက်ပစ္စည်းက ဘယ်လောက်ကောင်းကောင်း၊ အသစ်ကြီးပါပြောပြော၊ သံချေးတက်နေရင် မဝယ်ချင်၊ မယူချင်ဘူးမို့လား။ ဒါကြောင့် အရည်အသွေးဆိုရာမှာ အနှစ်သာရအရည်အသွေးသာမက အသွင်သဏ္ဍာန်ရဲ့ အရည်အသွေးကလည်း အရေးကြီးလို့ ဒါကိုအသွင်သဏ္ဍာန်နဲ့ အနှစ်သာရလို့ခေါ်တယ်။ အခုဆိုရင် ဘယ်ပစ္စည်းဝယ်ဝယ် သပ်သပ်ရပ်ရပ်ထုပ်ပိုးပြီးမှပေးတယ်။ ထုတ်လုပ်တဲ့သူကလည်း ထုတ်ပိုးမှု (packing) ကိုသေချာစွာ လုပ်ပေးတယ်။ လှလှပပလေးထုပ်ပြီးမှ ဈေးကွက်ကိုပို့ပေးတယ်'

ဟုနားလည်အောင် ရှင်းပြရလေသည်။

'ဆရာ ကုန်ပစ္စည်းတစ်ခုဟာ စားသုံးသူကိုကျေနပ်မှုရှိစေဖို့ဟာလည်း အရေးကြီးတယ်နော်။ သမီးတို့ ဖုန်း Handset တွေကြည့်ပါလား။ Model အသစ်တွေပေါ်နေတာက စားသုံးသူကိုကျေနပ်အောင်လုပ်ပြီး ဆွဲဆောင်နေတာမဟုတ်လား။ အခုဟာက စားသုံးသူမှာ ရွေးချယ်ခွင့်တွေရှိလာတယ်။ စားသုံးသူဟာ ကျေနပ်မှ ဝယ်မှာမို့လို့ စားသုံးသူကျေနပ်အောင်လုပ်ရမှာကလည်း အရေးကြီးတယ်မို့လား။ ဒါကလည်း အရည်အသွေးတစ်ရပ်ကို စားသုံးသူရဲ့ကျေနပ်မှုနဲ့တိုင်းတဲ့ စံညွှန်းသတ်မှတ်ချက်မဟုတ်လား ဆရာ'

ဟုသမီးသူဇာက သူဝယ်လာသော Set up Top box မလို Free လိုင်းအားလုံးကို ဖမ်းယူကြည့်ရှုနိုင်သော ဒစ်ဂျစ်တယ်တီဗွီကြီးကို ကျေနပ်နေသောအရှိန်ဖြင့်ပြောလေသည်။

ကျွန်ုပ်က-

'သမီးတို့ရယ်၊ စာရွက်ပေါ်မှာ ခဲရာထင်ရင် ခဲဖျက်နဲ့ဖျက်လို့ရတယ်။ မှင်ရာထင်ရင် correction pen နဲ့ဖျက်နိုင်တယ်။ ကွန်ပျူတာမှာ မလိုအပ်ရင် delete လုပ်လို့ရတယ်။ ဒါပေမဲ့ လူတွေရဲ့စိတ်ထဲမှာ ကုန်ပစ္စည်းဝယ်လိုက်လို့ ကျေနပ်မှုမရရင်

စာမျက်နှာ ၇ သို့ -

# မမေ့တော့ဘူး ဖန်ခါးမြေ

တကယ်တမ်းပြောရလျှင် မကွေး စက်ရုံမှရန်ကုန်စက်ရုံသို့ ပြန်လည်ပြောင်း ရွှေ့ခွင့်ရခြင်းသည် မိမိအတွက်လိုချင် တောင့်တဆုံးသော ဆုလာဘ်ကြီးတစ်ခု ကိုရရှိသကဲ့သို့ ခံစားပျော်ရွှင်ရပါသည်။ သို့သော် မကွေးဒေသ၊ မကွေးစက်ရုံမှ ဝန်ထမ်းများ၊ မကွေးစက်ရုံမှ လုပ်ငန်းတာ



ဝန်များနှင့် မိမိက တစ်သားတည်းဖြစ်နေ ပြီးဖြစ်၍ အပြောင်းအရွှေ့အတွက် ဝမ်း နည်းစိတ်မကောင်းခြင်းလည်း ဖြစ်ရပြန်ပါ သည်။ စက်ရုံမှ အရာထမ်း၊ ဝန်ထမ်း အများစုမှာ မကွေးဒေသခံများမဟုတ်ဘဲ အရပ်ဒေသအသီးသီးမှ တာဝန်ကျရာဆို လာရောက်အမှုထမ်းရသော မိမိနှင့်ဘဝ တူများသာဖြစ်သဖြင့် တစ်ယောက်နှင့် တစ်ယောက်ပိုပြီး သံယောဇဉ်ဖြစ်ကာ နားလည်မှုလည်း ပေးနိုင်ကြသည်။ ရန်ကုန်စက်ရုံအနေနှင့် မနက်ပိုင်းရောက် သည့်အချိန်မှ ညနေပြန်ချိန်အထိ အတူ တကွလက်တွဲ၍ အလုပ် လုပ်ကြသဖြင့် ခင်မင်ရင်းနှီး သံယောဇဉ်ဖြစ်နေမည်မှန် သော်လည်း အိမ်ပြန်ရောက်သည့်အခါ ကိုယ့်မိသားစုနှင့်ကိုယ် ကျေနပ်ပျော်ရွှင် လျက် စက်ရုံမှလုပ်ဖော်ကိုင်ဖက်များကို မေ့သွားသည်မှာသေချာသည်။ မကွေးမှာ မူကား ကိုယ့်အိမ်ကိုယ့်အဆောင်ပြန် ရောက်ပါသော်လည်း ကိုယ်တစ်ယောက် တည်းသာဖြစ်သည့်အတွက် ဤလုပ်ဖော် ကိုင်ဖက်များနှင့်သာ ပြန်လည်ချိန်းပြီး လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ မြို့ထဲသွား ခြင်း၊ မုန့်လုပ်စားခြင်း၊ ထမင်းအတူစား ခြင်းဖြင့် တစ်နှစ်ကျော်နှစ်နှစ် အတူနေခဲ့ ရခြင်းသည် ရန်ကုန်စက်ရုံမှ လုပ်ဖော်ကိုင် ဖက်များနှင့် ဆယ်နှစ်တာမျှအတူအလုပ် လုပ်ခဲ့ရသည့်သံယောဇဉ်ထက် မပိုလျှင် တောင်လျှော့မည်မထင်ပါ။

သတိရမိသေးသည် ---။

ကျွန်မက ကိုယ့်ကိုယ်ကိုယ် သတ္တိရှိ သည်၊ ရဲရင့်သည်ဟုထင်ကာ လက် ထောက်အထွေထွေမန်နေဂျာ လုံးချင်း အိမ်ကြီးတွင် မည်သူ့ကိုမျှအဖော်မခေါ်ဘဲ တစ်ယောက်တည်းနေသည်။ မိမိအတွက် အခြားသူများ ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို စိုး ရိမ်မိခြင်းလည်းပါပါသည်။ အမှန်တကယ် လည်း ညရေးညတာများတွင် မိသားစုများ ကိုသတိရတမ်းတမိသဖြင့် ဝမ်းနည်းစိတ် မကောင်းဖြစ်မိသည်ကလွဲ၍ စိုးရိမ် ကြောက်လန့်နေခြင်းမျိုးမရှိခဲ့ပေ။

သို့သော် တစ်ညမှာတော့ အညာ ဒေသတွင် ကြုံတောင့်ကြုံခဲဖြစ်သောမိုး ကြီးလေကြီးကျပါလေတော့သည်။ ကျွန်မ အိမ်မှာကုန်းမြင့်ပိုင်းကျသည့်အတွက် လေ ဒဏ်ကိုပို၍ခံရပြီး တံခါးကျည်းဘောင်များ တစ်လျှောက်မှ မိုးရေများစိမ့်ဝင်ကာ အိမ် ကြမ်းခင်းတစ်ခုလုံး ရွှဲနစ်နေတော့သည်။ မကွေးစက်ရုံသို့စရောက်ကတည်းက တစ် ခါမျှမပျက်ဖူးသည့်မီးကလည်း ယခုညကျ မှပင် (မိုးဒဏ်၊ လေဒဏ်ကြောင့်) ပျက် သွားခဲ့သည်။ မီးမပျက်ဖူးသဖြင့် ဖယောင်း တိုင် တစ်တိုင်မှမရှိသောကျွန်မမှာ ကြမ်း ပြင်တွင် ရေများပြည့်နေသောကြောင့် လက်နှိပ်ဓာတ်မီးလေးတစ်လက်ဖြင့် ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေရင်း တဖြည်းဖြည်းကြောက်ရွံ့စိတ်၊ စိုးရိမ်စိတ် များဝင်လာခဲ့ပါတော့သည်။ မီးကလည်းမ ရှိ၊ လက်နှိပ်ဓာတ်မီးအလင်းရောင်က လည်း မိုးမှောင်ကျခြင်းနှင့် ညအမှောင် ရော၍ မှောင်မိုက်နေခြင်းအား အံမတုနိုင်။ အိမ်တစ်အိမ်နှင့်တစ်အိမ်ကလည်း သာမန် အချိန်များမှာပင် အော်ခေါ်၍မကြားနိုင် လောက်အောင် အလှမ်းကွာသည်ဖြစ်၍ ယခုကဲ့သို့ မိုးသံလေသံနှင့်ဆိုပါက အိမ်နီး ချင်းများရှိသည်ဟုပင် တွေးလို့မရနိုင်စရာ။ မကွေးတွင် နာမည်ကြီးလှသော မြွေဆိုး များအန္တရာယ်ကလည်း မှောင်မှောင်မဲမဲ တွင်ကြောက်စရာတစ်မျိုးဖြစ်သည်။ ကျွန် မတဖြည်းဖြည်း ကြောက်လန့်လာသည် မှာ မျက်ရည်များပင်လည်လာသည်။

ထိုအချိန်မှာပဲ အိမ်ရှေ့မှတဖုန်းဖုန်း အသံများနှင့်အတူ ဆိုင်ကယ်မီးရောင်များ တဝင်းဝင်းပေါ်လာပြီး ကျွန်မအားအော် ခေါ်သည့်အသံများကို ကြားရသဖြင့် ကျွန် မဝမ်းသာအားရနှင့် အိမ်ရှေ့သို့ပြေးထွက်ခဲ့ တော့သည်။ အိမ်ရှေ့မှာတော့ ကျွန်မဌာန မှ မန်နေဂျာမောင်ငယ်နှစ်ယောက် ---။

'အစ်မရေ တစ်ယောက်တည်းနေလို့မ ဖြစ်ဘူး။ မိုးကလည်းတစ်ညလုံးရွာမှာနဲ့ တူတယ်။ အစ်မညီမ (မန်နေဂျာ ညီမ ငယ်လေးအားပြောခြင်းဖြစ်သည်) အိမ် ကို ကျွန်တော်တို့လိုက်ပို့ပေးမယ်။ အစ်မ အနွေးထည်ယူပြီးလိုက်ခဲ့တော့'

ကျွန်မရင်ထဲမှာ စိုးရိမ်ကြောက်လန့် စိတ်များပြေပျောက်ပြီး လှုံခြုံနွေးထွေးသွား သည်။ မိမိတစ်ယောက်တည်းရှိနေခြင်း အား သတိတရနှင့်ပြေးလာဖော်ရသော မောင်ငယ်နှစ်ဦးအား ကျေးဇူးတင်မိခြင်း နှင့်အတူ သူတို့အားမိသားစုကဲ့သို့ အား ကိုးချစ်ခင်ခြင်းကိုပါ တစ်ပါတည်းခံစား လိုက်ရသည်။ မိမိရောက်သွားတော့ မိသား စုနှင့်အတူနေသော မန်နေဂျာညီမငယ်က ပျာပျာသလဲနှင့် အိပ်ရာစီစဉ်ပေးခြင်း၊ အားပေးစကားပြောခြင်းများကိုလည်း အားနာစွာနှင့်ပင် ထိုတစ်ညအားလွန် မြောက်ခဲ့ရပါသည်။

ကြောက်လန့်ခြောက်ခြားစွာ အိပ်ရေး ပျက်ရမည့် ညတစ်ညအစား လုံခြုံနွေး ထွေးစွာအိပ်စက်ခဲ့ရသော မိုးသည်းထန် သည့်ညတစ်ညအတွက် ထိုမောင်ငယ်၊ ညီမငယ်များအား ကျွန်မဘဝတစ်သက် လုံးကျေးဇူးတင်သတိရနေမှာ အမှန်ပင်။

နောက်ထပ်မမေ့နိုင်သော တစ်ညက တော့ ---။

'အစ်မရေ မခိုင်လေးအမျိုးသားက ဒီည ရခိုင်ကပြန်လာမှာ။ ပုသိမ်-မုံရွာလမ်း မကြီးပေါ်ကနေ သွားကြိုမယ်တဲ့'

'ဟယ် - မခိုင်လေးက ကိုယ်ဝန်နုနုလေး နဲ့ ညရေးညတာတစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား။ အစ်မတို့ အဖော် လိုက်သွားရအောင်'

သို့ဖြင့်ပင် သွားကြိုမည့်သူကတစ် ယောက်၊ အဖော်ကလေးယောက်ဖြင့် ည ၉ နာရီလောက်မှာ စက်ရုံမှစထွက်ပြီး ကြိုရ မည့်နေရာသို့ ည ၁၁ နာရီလောက်အထိ ကားမောင်းသွားကြရသည်။ လမ်းတစ် လျှောက်လုံးကားပေါ်အိပ်တတ်သည့် ညီမငယ်တစ်ယောက်က တိုးတိုးဝှေ့ဝှေ့နှင့် အတင်းတိုးအိပ်ပြီး၊ မအိပ်တတ်သော ကျွန် မနှင့်အခြားညီမငယ်တစ်ဦးကတော့ ကား ပေါ်ကဖွင့်သမျှ သီချင်းပေါင်းစုံအား လိုက် လံဆိုရင်း အေးစက်တုန်ချမ်းရသော ည တစ်ညမှာ ပျော်ရွှင်စရာတစ်ခု ဖြစ်ခဲ့ရ သည်။

ကိုယ်ဝန်ဆောင်ညီမငယ်လေးမှာ လည်း ကျွန်မတို့အဖွဲ့နောက်ခန်းမှာပါလာ သဖြင့် လမ်းမှားမှာကိုလည်းမပူ၊ သူ့အမျိုး သားစီးနင်းလာသည့်ကားအား မမှီလိုက် မှာကိုလည်း မစိုးရိမ်၊ ရာသီဥတုအေးချမ်း ခြင်းကိုလည်းမမှုဘဲ စိတ်အေးချမ်းနွေး ထွေးစွာအိပ်ပျော်လျက် ကားပေါ်လိုက်ပါ လာနိုင်ခဲ့သည်။

တစ်ဦးတည်းအထီးကျန်နေခြင်း အား မေ့ပျောက်ထားနိုင်အောင်၊ စိုးရိမ် ကြောက်လန့်စိတ်များမဖြစ်ရအောင် တစ် ဦးနှင့်တစ်ဦး မောင်ရင်းနှမသဖွယ် စောင့် ရှောက်မှုများပေးခဲ့ပါသော ကစစ - ၁၃ ရှိ လုပ်ဖော်ကိုင်ဖက်များနှင့် မကွေးဒေသ အား ကျွန်မအမြဲသတိတရနှင့် လွမ်းဆွတ် နေပါဦးမည်။

ပြန်တွေးကြည့်လျှင် စိတ်ကြည်နူး စရာ၊ မမေ့နိုင်စရာ မိသားစုသဖွယ် ချစ်ခင် တွယ်တာခြင်းများဖြင့် သရုပ်ပေါ်လှသော ဖြစ်ရပ်များပင်။

ဘယ်တော့မှ မမေ့ဘူး ဖန်ခါးမြေရေ။

## လွမ်းအိမ်သူစိုး

**စာမျက်နှာ ၆ မှ -**

အဲဒီရင်ထဲကမကျေနပ်တဲ့ ခံစားချက်ကို လုံးဝဖျက်လို့မရပါဘူး။ ကုန်ပစ္စည်းကို တီဗွီမှာကြော်ငြာတာထက် စားသုံးသူအ ချင်းချင်းပြောတာက ပိုပြီးတော့ထိ ရောက်တယ်။ ကုန်ပစ္စည်းရဲ့ Branded က နာမည်ပျက်သွားရင် ပြန်ပြီးနလန်ထူ ဖို့ မလွယ်တော့ပါဘူး။ ဝန်ဆောင်မှုက မကောင်းသတင်းကျော်ရင် နောင်မှာ လုံးဝလာဝယ်မှာမဟုတ်ပါဘူး။ ကြောက် စရာကောင်းပါတယ်'

ဟုရှင်းပြပြီးနောက် သမီးများမှာ သူတို့ နေထိုင်ရာအဆောင်သို့ အတွေးကိုယ်စီ ဖြင့် ပြန်သွားကြလေသည်။

**ဖိုးသကြား**

# အကြမ်းဖျင်းတော့ မဖြစ်စေချင်



**မောင်မောင်ဆွေ (ကစစ–၁၃)**

'အကြမ်းဖျင်း' ၏အဓိပ္ပာယ်ကို လူတိုင်းသိပေသည်။ အတိအကျမဟုတ်သော မသေချာသောခန့်မှန်းချက်သာဖြစ်သည်။ ဥပမာ - အလှူပွဲတစ်ခုပြုလုပ်ရန် အကြမ်းဖျင်း ကုန်ကျစရိတ်တွက်သည် ဆိုပါစို့။ အမှန်တကယ်အလှူပွဲတွင် ကုန်ကျငွေနှင့်ကွက်တိကျချင်မှကျမည်။ အပိုအလိုရှိနိုင်သည်။ အကြမ်းဖျင်းသည် အကြိုခန့်မှန်းချက်သာဖြစ်၍ အတိအကျမဟုတ်သော၊ အမှန်တရားနှင့်လွဲနိုင်သော အရာဟု ဆိုချင်ပါသည်။

အလှူပွဲ၏ ကုန်ကျစရိတ်လွဲချော်ခြင်းသည် အလှူရှင်တစ်ဦးတည်းနှင့်ဆိုင်သော အရာဖြစ်၍ အရေးမကြီးလှပေ။ စီမံကိန်းကြီးတစ်ခု၊ ကုမ္ပဏီတစ်ခုထူထောင်နိုင်ရန် ကုန်ကျမည့်ငွေပမာဏကိုတွက်ချက်ရာတွင် လွဲချော်မှုများရှိပါက လုပ်ငန်းစုတစ်ခုလုံး ဒုက္ခရောက်နိုင်သည်။ မအောင်မမြင်ဖြစ်တတ်သည်။ ထို့ထက် အရေးကြီးသည်ကား နိုင်ငံတော်၏မူဘောင်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲရာတွင် အကြမ်းဖျင်းဟုယူဆရေးဆွဲပြီး လွဲမှားမှုများကြုံတွေ့ပါက နိုင်ငံတော်၏ရှေ့ရေးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်သွားနိုင်၏။ မည်သည့်မူဘောင်ကို ရေးဆွဲအကောင်အထည်ဖော်သည်ဖြစ်စေ အဓိကရေးဆွဲသူမှာလူသားပင်ဖြစ်၍ ရေးဆွဲသည့်လူသားသည် နောင်မျိုးဆက်အတွက် စေတနာကောင်းကိုအခြေခံကာ မိမိကျွမ်းကျင်မှုအတတ်ပညာကို အရင်းပြု၍ စိတ်ထားကောင်းကောင်းနှင့် ရေးဆွဲပါမှ မူကောင်းတစ်ခု၊ ဥပဒေကောင်းတစ်ခု၊ လုပ်ငန်းကောင်းတစ်ခု ဖြစ်လာပေမည်။

မိမိတို့လက်ထက်တွင် စတင်အကောင်အထည်ဖော်လုပ်ကိုင်သော လုပ်ငန်းတိုင်းသည် နောင်ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ ငါးဆယ်၊ တစ်ရာအထိ ပြည်သူပြည်သားအတွက် အကျိုးဖြစ်ထွန်းနေစေမှသာလျှင် နောင်မျိုးဆက်ကို ချစ်ရာရောက်ပေမည်။

အကြမ်းဖျင်းသိခြင်းကို စဉ်းစားမိသောအခါ အတန်းငယ်တုန်းကသင်ခဲ့ရသော စွန့်စားရှာဖွေရေးသမား ကိုလံဘတ် (စ်) ကိုသတိရမိပါသည်။ ပင်လယ်ရေကြောင်းခရီးဖြင့် စွန့်စားရှာဖွေခဲ့ရာ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ အမေရိကတိုက်ကိုရှာဖွေတွေ့ရှိခဲ့သော ကိုလံဘတ် (စ်)အား ခြိမ့်ခြိမ့်သဲသဲချီးကျူးဂုဏ်ပြုခံရသော်လည်း လူအချို့က ဒီလောက်တော့ လူတိုင်းတတ်နိုင်သည်ဟုဆိုလျက် နှိမ့်ချပြောဆိုကြသည်။ ထိုလူအုပ်ထဲသို့ စွန့်စားသူ ကိုလံဘတ် (စ်) ရောက်ရှိသွားပြီး-

'စွန့်စားလုပ်ကိုင်ရတာကိုတော် ခင်ဗျားတို့က လူတိုင်းလုပ်နိုင်တယ်လို့ထင်နေကြတယ်ပေါ့လေ။ ကဲ ဒီလိုဆိုရင် ဟောဒီကြက်ဥကို ဘာပစ္စည်းအကူအညီမှ မသုံးဘဲနှင့် စားပွဲပေါ်မှာဒေါင်လိုက်ထောင်ပြ'

ဟုဆိုလိုက်သည်။ လူအုပ်ထဲမှတစ်ယောက်က တွန့်ဆုတ်စွာဖြင့် ထောင်ကြည့်သော်လည်း မရဘဲအခက်တွေ့နေလေသည်။ လူအများကလည်း ကြံရာမရ လက်မှိုင်ချကာ အရှုံးပေးရတော့၏။

'ကဲ ခင်ဗျားတို့မလုပ်နိုင်တာကို ကျုပ်လုပ်ပြမယ်။ ဟောဒီမှာ'

ကိုလံဘတ် (စ်) ကပင် ကြက်ဥဒေါင်လိုက်ကို စားပွဲပေါ်မှာခပ်ဆတ်ဆတ်ဆောင့်ချလိုက်သောအခါ အခွံအက်ကွဲသွားသည့် ချိုင့်ခွက်တွင် ဟန်ချက်ညီဖြင့်ထောင်နေလေ၏။

'ဩော် ဒီလိုတော့ရမှန်းသိတာပေါ့'

ဟုအင်တင်တင်ဆိုကြပြန်၏။

'အေး ခင်ဗျားတို့လည်း စောစောက ဒီလိုလုပ်ခွင့်ရတာပဲလေ။ လုပ်ရကောင်းမှန်းမသိတာကတော့ ခင်ဗျားတို့အကြောင်းပဲ'

ဟု ကိုလံဘတ် (စ်) ကပြောကာ လူအုပ်ထဲမှ ထွက်ခွာခဲ့လေ၏။ သူတို့၏သာမန်ပင်လယ်ခရီးထွက်ခဲ့ဖူးသည်ကို အကြောင်းပြု၍ ကိုလံဘတ် (စ်) ၏စွန့်စားရှာဖွေတွေ့ရှိမှုကို အကြမ်းဖျင်းလောက်ကလေးဟု အထင်သေးခြင်းပင်ဖြစ်သည်။ လက်တွေ့သမား၏စွမ်းဆောင်မှုကို မျက်မြင်သမား အသိသမားများက အထင်မသေးကြဖို့ သင်ခန်းစာယူရမည့် အချက်ပင်ဖြစ်သည်။

လောကတွင် မည်သည့်အတတ်ပညာမဆို ထဲထဲဝင်ဝင်နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင်လေ့လာတတ်ကျွမ်းထားပါက အသက်မွေးဝမ်းကြောင်းဖြစ်ပါ၏။ သို့သော် သင်္ကြန်ရေသဘင်မဏ္ဍပ်မှာ ကတတ်ရုံဖြင့် မြန်မာ့ရိုးရာအကတတ်သည်ဟုမှတ်ချက်ချသော် ခက်လိမ့်မည်။ ဆေးစာဖတ်တတ်ရုံဖြင့် ဆေးကုတတ်ပြီဟု အထင်ရောက်သော် ဒုက္ခလှလှကြီးတွေ့မည်။ သစ်သီးပုံ၊ ပန်းပုံဆွဲတတ်ရုံဖြင့် ပန်းချီဆရာဖြစ်မည်လော။ စာများများဖတ်ပြီး ကိုယ်တိုင်ကစာတစ်ပုဒ်မှ မရေးဖူးပါဘဲ စာရေးတာလွယ်ပါသည်ဟုထင်နေလျှင် အမှန်ရောက်မည်လော။ အကြမ်းဖျင်းပဲဖြစ်ပေမည်။ ဒိဋ္ဌမမှမဟုတ်ချေ။ အင်ဂျင်နီယာ တစ်ယောက်ဖြစ်ပြီး Drawing ပုံဖတ်တတ်ရုံ၊ ပစ္စည်းအမျိုးအမည်ဖတ်နိုင်ရုံဖြင့် အကြမ်းဖျင်းအင်ဂျင်နီယာသာဖြစ်ပေမည်။ စီမံခန့်ခွဲတတ်ရုံ၊ ခိုင်းတတ်ရုံမျှအဆင့်သည် မည်ကာမတ္တအင်ဂျင်နီယာဖြစ်မည်။ ဆမလက်မှတ်သာရပြီး ဆေးဝါးကိုကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်လမ်းညွှန်ပြီး ရောဂါကိုပျောက်ကင်းသက်သာအောင် မကုသနိုင်ပါက မည်ကာမတ္တဆရာဝန်အဆင့်သာဖြစ်ပေမည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ လူသားလောကအကြားတွင် လေ့လာစရာပညာများသည် ပြည့်နှက်စွာတည်ရှိ၏။ နိုင်ငံတော်၏အနာဂတ်ကာလသည် ယှဉ်ပြိုင်မှုများ ပြင်းထန်လာတော့မည်။ စီးပွားရေးလုပ်ငန်းအချင်းချင်း၊ ပညာရှင်အချင်းချင်း၊ အလုပ်အကိုင်အခွင့်အလမ်းအချင်းချင်း ယှဉ်ပြိုင်ရတော့မည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ပြည်တွင်းကုမ္ပဏီများက လုပ်သားအရင်းအမြစ်ရဖို့ စင်ကာပူအထိအလုပ်လျှောက်လွှာသွားခေါ်နေကြရ၏။ စင်ကာပူမှ မြန်မာကျွမ်းကျင်လုပ်သားများကို မြန်မာပြည်တွင် လစာကောင်းကောင်းပေး၍ ခေါ်ယူခြင်းဖြစ်သည်။ ကျွမ်းကျင်လုပ်သားများ၏တစ်လလစာခန့်မှန်း လစာကျပ် ၁၅ သိန်းမှသိန်း ၃၀ အထိ ညှိနှိုင်းတောင်းဆိုထားပြီး ကုမ္ပဏီမှလည်း လက်ခံခေါ်ယူထားကြောင်းကြားသိရ၏။ ဤကား အသိပညာထက် လုပ်ငန်းခွင်လက်တွေ့တန်ဖိုးထားခြင်းဖြစ်သည်။ ပါရဂူဘွဲ့၊ ဘီအီးဘွဲ့၊ အမ်(မ်)အီးဘွဲ့ပင်ရလင့်ကစား လက်တွေ့နယ်ပယ်မကျွမ်းကျင်ပါက လစာကောင်းကောင်းရမည်မဟုတ်ပေ။

ထို့ကြောင့် ယနေ့လူငယ်မျိုးဆက်သစ်များသည် အချိန်ရှိခိုက်လုံ့လစိုက်၍ ခေတ်မီပညာများကို လေ့ကျင့်သင်ကြားထားသင့်ပြီ။ မိမိရှိထားသောဘွဲ့ပညာဖြင့် တင်းတိမ်ရောင့်ရဲမနေဘဲ အလုပ်ခွင်မှာ ရသင့်ရထိုက်သောပညာများကို ကြိုးစားသင်ယူထားရပေမည်။ သိရှိအောင်လေ့လာ၊ တတ်မြောက်အောင်သင်ယူ၊ ကျွမ်းကျင်အောင်လေ့ကျင့်ထားပါမှ အကြမ်းဖျင်းမဟုတ်သော အတတ်ပညာရှင်တစ်ယောက်ဖြစ်ပေမည်။ သို့မှသာ အနာဂတ်စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် လစာကောင်းကောင်းဖြင့် အလုပ်တစ်နေရာရရှိနိုင်ပေမည်။ စိန်စီထားသောစက္ကန့်၊ မိနစ်များကို ပေါ့တန်ပျော်ပါးလမ်းသလားပြီး မဖြုန်းသင့်ပေ။ စက္ကန့်၊ မိနစ်နှင့်အမျှလေ့လာလေ့ကျင့်ပြီး ပညာတိုးအောင်လုပ်ဆောင်ရမည်။ သို့မဟုတ် ဝင်ငွေရသော အပိုအလုပ်တစ်ခုလုပ်နိုင်ရမည်။ မိမိဝင်ငွေတိုးမှ မိသားစုဝင်ငွေတိုးပြီး မိသားစုတွေဝင်ငွေတိုးမှ ရပ်ရွာ၊ ရပ်ကွက်၊ မြို့ ဝင်ငွေတိုးမည်။ မြို့နယ်များစွာတွင်ဝင်ငွေတိုးမှ တိုင်းနှင့်ပြည်နယ်များဝင်ငွေတိုးပြီး ထိုမှတိုင်းပြည်ဝင်ငွေတိုးပေမည်။ ကျွန်ုပ်တို့နိုင်ငံတစ်ခုလုံး ဝင်ငွေတိုးပြီး ချမ်းသာကြွယ်ဝဖို့ဆိုလျှင် တိုင်းပြည်မှာရှိသော လူသားတိုင်းပညာသင်ရာတွင်လည်းကောင်း၊ အလုပ်လုပ်ရာတွင်လည်းကောင်း မခိုမကပ်ဘဲကြိုးကြိုးစားစားလုပ်ဆောင်ကြဖို့လိုသည်။ ယနေ့အချိန်သည် ဘေးထိုင်ဘုပြောနေရမည့်အချိန်၊ ပညာမာနတက်နေရမည့် အချိန်မဟုတ်တော့ချေ။ အလုပ်နှင့်သက်သေပြပြီး အလုပ်နှင့်ငွေရှာရတော့မည့် အချိန်ဖြစ်သည်။ မိသားစုတစ်စု၊ အဖွဲ့အစည်းတစ်ခု၊ စက်ရုံတစ်ခု၊ ကုမ္ပဏီတစ်ခုဝင်ငွေတိုးတက်ဖို့၊ အောင်မြင်ဖို့ဆိုပါလျှင် တာဝန်ထမ်းဆောင်နေသော မိသားစုများ၊ အလုပ်သမားများ၏တွေးခေါ်မြော်မြင်မှု၊ ဆုံးဖြတ်ချက်မှန်ကန်မှု၊ လုပ်ဆောင်ရာတွင် အလုပ်ကျွမ်းကျင်မှုတို့ရှိမှသာ အောင်မြင်နိုင်ပေသည်။ သင်တို့ကျွန်ုပ်တို့သည် မည်သည့်လုပ်ငန်းတွင် လုပ်ဆောင်နေသည်ဖြစ်စေ၊ မိမိလုပ်ငန်းကိုအကြမ်းဖျင်း သဘောသိရုံမျှဖြင့် ကျေနပ်နှစ်သိမ့်မနေသင့်ဘဲ ကျွမ်းကျင်ပိုင်နိုင်စွာသိရှိသော Skill worker တစ်ယောက်အဖြစ် ရပ်တည်နေနိုင်ဖို့ မိမိတို့ကိုယ်ရည်ကိုယ်သွေးကို ကြိုးစားမြှင့်တင်တည်ဆောက်နိုင်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။

# ဟိုတစ်စ ဒီတစ်စ



**သိမ့် (ရပ်စောက်)**

ကျွန်မအလုပ်ဝင်သည်မှာ ခြောက်လပြည့်ပြီး၍ ခုနစ်လထဲချဉ်းနင်းဝင်လာပြီဖြစ်သည်။ အလုပ်မဝင်ခင် အရပ်သူမလေးနှင့်များစွာကွာခြားလာသည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု လိုအပ်ပုံသိလာသည်။ ရာထူးဌာနန္တရများသည် မက်မောအားကျစရာကောင်းမှန်း မသိခဲ့ရိုးအမှန်ဖြစ်သည်။ တရားခွေများတွင် ဆရာတော်များက ဥစ္စာခေန၊ ရာထူးဌာနန္တရများအကြောင်းကို ထည့်သွင်းဟောသည်ကို နာကြားဖူးပါသည်။ သို့သော် ဘယ်လောက်ထိ ယစ်မူးစရာကောင်းမှန်းမသိပါဘဲ တရားသဘောအတိုင်းသာ နာကြားခဲ့ပါသည်။

နေ့စားဝန်ထမ်းလေးကျွန်မကို ရွာမှကျွန်မသူငယ်ချင်းများက အားကျသလို ကျွန်မသည်လည်း ရုံးမှရာထူးရှင်များကို အားကျမိသည်။ ထိုရာထူးရှင်များသည်လည်း အဆင့်ဆင့်အားကျသောသူများ ရှိနေပေလိမ့်မည်။ မည်သည့် အသိုင်းအဝိုင်းတွင်မဆို အဆင့်ဆင့်အားကျနေကြမည်ဖြစ်သည်။ ကျွန်မသည် မိမိ၏ဘဝလေးကို အားငယ်သောအချိန်တွင် အလုပ်မရှိတာနှင့်စာလျှင် အလုပ်ဟူသမျှဂုဏ်ရှိစွ၊ နေတတ်လျှင်ကျေနပ်စရာ လူ့ဘဝက အရမ်းတန်ဖိုးကြီးတယ်ဆိုပြီး charging သွင်း၍ ကိုယ့်ဘာသာအားပေးနှစ်သိမ့်လိုက်ပါသည်။ အလုပ်ဝင်ကာလ ၇ လတာအတွင်းတွင် ကျွန်မ၏ပြောင်းလဲမှုကို ကိုယ့်ဖာသာကိုယ် ရှာဖွေတွေ့ရှိလာသည်။

ရင့်ကျက်တည်ငြိမ်မှု၊ ခံနိုင်ရည်ရှိမှုတို့ အခြေခံသောစိတ်ဓာတ်ကြံ့ခိုင်မှုဆီ ဦးတည်ဖော်ဆောင်နေသည်ကို သတိထားမိပါသည်။ ကျွန်မ၏အလုပ်ကလေးကို တန်ဖိုးထားသည်။ မြတ်နိုးသည်ဟုဆိုခြင်းသည် မှန်ကန်သောသစ္စာတရားဖြစ်ပါသည်။ ကျောင်းတက်စဉ်တွင် ရွယ်တူတန်းတူများဖြင့်ပေါင်းဖော်ရပြီး တွေးတောဆင်ခြင်မှုသိပ်မလုပ်ရပါဘဲ ပေါင်းသင်းဆက်ဆံခဲ့ရသည်။ အလုပ်ဝင်သောအခါ လူစုံ၊ အရွယ်စုံ၊ ရာထူးစုံရောပြွန်းထားသောကွန်ယက်ဖြစ်ပါ၍ တွေးတောဆင်ခြင်ဉာဏ်ပါသော ပေါင်းသင်းဆက်ဆံရေးလိုအပ်မှုကြောင့် အလုပ်ဝင်ပြီးလေးလလောက်အထိသည် အခက်အခဲဖြစ်ခဲ့သည်ကို ဝန်ခံပါသည်။ အလုပ်ဝင်စပထမတစ်လသည် လန်းဆန်းတက်ကြွပြီး ပျော်စရာကောင်းသည်။ နောက်လများတွင် ပထမလလောက်လန်းဆန်း တက်ကြွမှု အားမကောင်းတော့ပါ။ သို့သော် ရှေ့ဆက်ရမည့်ခြေလှမ်းများကို မျှော်တွေး၍ လန်းဆန်းတက်ကြွမှုများက ကျွန်မထံသို့ ဝင်လိုက်၊ ထွက်လိုက်နှင့် ပျော်မွေ့နေသည်။

အလုပ်မဝင်ခင် သတင်းစာဖတ်စဉ်က စက်မှုဝန်ကြီးဌာနအကြောင်းမြင်လျှင် ဖတ်ရိုးဖတ်စဉ်သဘောအတိုင်း ထူးခြားမှုမရှိသလို ဖတ်သွားခဲ့သည်။ စက်မှုဝန်ကြီးဌာနတွင် အလုပ်ဝင်ရသောကြောင့် သတင်းစာတွင် စက်မှုဝန်ကြီးဌာနအကြောင်းပါလျှင် တို့စက်မှုဟုမြင်လာသည်။ ကြားရုံကြားဖူးသော အခြားသောရုံးများကိုလည်း ရင်းနှီးလာသည်။ ဆက်စပ်မှုမရှိပါဘဲ ကျွန်မတို့မိန်းမသားများ၏ချီးမွမ်းဖွယ်ကောင်းသော အကျင့်လေးများကို ပြောပြချင်ပါသည်။ ထိုမိန်းမသားများတွင် ကျွန်မလည်းအပါအဝင်ဖြစ်ပါသည်။

ရုံးမသွားမီ ရုံးသွားရန်ပြင်ဆင်ရပြီး၊ အချိန်မီပြင်ဆင်နေသည့်ကြားမှာပင် ဆွမ်းခံကြွလာရင်လဲလောင်းရ တစ်ယောက်မဟုတ်တစ်ယောက်က ဆွမ်းခံကြွလာပြီဟု လက်တို့တတ်ရာ ဆွမ်းလောင်းနေကျသူသည် ဆွမ်းခံလာစဉ် ဆွမ်း၊ ဆွမ်းဟင်းမကျက်သေး၍ မလောင်းလိုက်ရပါက စိတ်မကောင်းဖြစ်တတ်သေးသည်။ ဆွမ်းလောင်းစဉ် ဆွမ်းခံကိုရင်လေးပေးသောဆုကိုခံယူရာတွင်လည်း သဒ္ဓါတရားကြောင့် ကြည်နူးပီတိဖြစ်နေပြီး ကြည်ညိုစိတ်သည် နှလုံးပြင်တစ်ခုလုံးဖုံး လွှမ်းနေတော့သည်။ အားလုံးပြင်ဆင်ပြီး၍ Ferry နှင့်ရုံးသို့သွားသောအခါ Ferry ပေါ်တွင် မျက်လုံးမှိတ်ကာ မိမိတို့အားသန်ရာများကို အာရုံပြုနေကြသည်။ ထိုထိုသောမြင်ကွင်းများမြင်ရလေသောအခါ ကျွန်မ

**စာမျက်နှာ ၁၁ သို့ -**

# Jokes

## စိတ်ချရပါတယ်

ကုမ္ပဏီတစ်ခုမှာ မန်နေဂျာက ဝန်ထမ်း တစ်ယောက်ကို ငွေစာရင်းဇယားတွေ စစ်ဆေးခိုင်းထားပါတယ်။ မန်နေဂျာက-

'စာရင်းတွေ စစ်ဆေးပြီးပြီလားကွ'

မေးတော့ ဝန်ထမ်းက-

'ဟုတ်ကဲ့ ပြီးပါပြီဆရာ။ ကျွန်တော် ငွေစာရင်းတွေကို ဆယ်ခေါက်တောင် အပြန်အလှန် စစ်ဆေးထားပါတယ်ခင်ဗျာ' လို့

ပြန်ဖြေပါတယ်။

'အေး ကောင်းတာပေါ့ကွာ။ စာရင်းဇယားဆိုတာ အဲဒီလိုသေချာအောင် စစ်ဆေးမှစိတ်ချရတာ။ ငါ့တပည့်တော်တယ်'

လို့ မန်နေဂျာက အားရဝမ်းသာနဲ့ပြော



တော့ ဝန်ထမ်းက မချင့်မရဲမျက်နှာနဲ့ပြန်ပြောပုံက-

'ဒါပေမဲ့ဆရာ အဖြေတွေကတော့ ဆယ်မျိုးထွက်နေပါတယ်ခင်ဗျာ'

---

## ကောင်းပါပေ့ အကြံဉာဏ်

လယ်ယာစိုက်ပျိုးရေးလုပ်တဲ့ ဦးစံကွန့်ကတော့ သူ့ယာခင်းထဲမှာ မြေပဲ



မျိုးကြဲချဖို့ပြင် ဆင်နေတဲ့အချိန်။ တောရွာဌာနေကို မရောက်ဖူးလို့ မြို့က အလည်လာတဲ့ ဧည့်သည်တစ်ယောက်လည်း ရောက်နေပါတယ်။ ရေနွေးကြမ်းသောက်ရင်း ဦးစံကွန့်တစ်ယောက်တည်း ရေရွတ်လိုက်မိတယ်။

'အင်း ငါ့ယာခင်းက ၂ ဧကရှိတာဆိုတော့ မြေပဲ ၄ တင်းကြဲထည့်ရင် မဆံ့အင်တန်များ ဖြစ်နေမလားမသိဘူး'

ဒီအခါ မြို့ကဧည့်သည် ကိုလူလည် အပြောကြွယ်လိုက်ပုံကတော့-

'ဟာ ဦးစံကွန့်ကလည်းဗျာ၊ ပီနံအိတ်တစ်လုံးထဲထည့်ရင်တောင် အနည်းဆုံးတော့ ၁ တင်းကျော်လောက်ဆံ့ပါတယ်။ ခင်ဗျားယာခင်းက ၂ ဧကကျယ်မှတော့ မြေပဲ ၄ တင်းက နည်းတောင်နည်းသေးတယ်'။

**ဖန်ခါးမြေရွှေဆင်မင်း**

## ၂၄ နာရီ

ဦးဖိုးထိန် စိတ်တိုနေပါတယ်။ အကြောင်းကတော့ မနက်ပိုင်းကရိုက်ထားတဲ့ ဓာတ်ပုံကိုညရောက်လို့တောင် မရသေးတော့ ဓာတ်ပုံဆိုင်ရှင်ကို ဒေါသတကြီးနဲ့ပြောလိုက်ပုံက-



'ဘယ်လိုလဲကွ။ မင်းတို့ပြောတော့ ၂၄ နာရီအတွင်း ဓာတ်ပုံရပါစေမယ်ဆိုပြီး ခုချိန်ထိမရသေးပါလား'

ဒီအခါ ဓာတ်ပုံဆိုင်ရှင်ပြန်ပြောလိုက်တာက-

'ကျွန်တော်တို့ဆိုင်က တစ်ရက်ကို ၈ နာရီဖွင့်ထားပါတယ်။ အဲဒီတော့ ၃ ရက် ပြည့်မှ ၂၄ နာရီပြည့်မှာပါခင်ဗျာ'

---

## ဓမ္မသုတ




ယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏လူ့ဘဝအစ မွေးဖွားချိန်မှ နေဝင်ချိန်ဖြစ်သည့်သေဆုံးချိန်အထိ၊ ပြုလုပ်သုံးစွဲအပ်သောအရာဝတ္ထု၊ အသုံးအဆောင်ပစ္စည်းတို့အပြင် ထိုလူမျိုးတို့၏ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်မှုနှင့်အတွေးအခေါ် ဓလေ့စရိုက်များ၊ ပြောဆိုသောဘာသာစကားများ၊ လူမှုဆက်ဆံရေးစနစ်များ၊ လက်မှုအနုပညာရပ်များ၊ သုခုမအနုပညာရပ်များ၊ ရိုးရာဓလေ့ထုံးစံများပါဝင်သည်ဟု ရှေးပညာရှိသုတေသီများက သတ်မှတ်ကြပါသည်။

လူ့ယဉ်ကျေးမှုတွင် အဓိကအားဖြင့်နှစ်မျိုးနှစ်စားရှိ၍ ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဟု အုပ်စုနှစ်စုကွဲပြားခြားနားကြလေသည်။ ဒြပ်ရှိယဉ်ကျေးမှုသည် လူတို့သုံးစွဲခဲ့သောထိတွေ့ကိုင်တွယ်၍ရသမျှ ပစ္စည်းများပါဝင်၍ ဒြပ်မဲ့ယဉ်ကျေးမှုသည် စိတ်ပိုင်းဆိုင်ရာ နာမ်သဘောတရားများပါဝင်သော ပြောဆိုသည့်ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများဖြစ်ကြပါသည်။

မြန်မာစာပေသည် ယဉ်ကျေးမှုအမွေအနှစ်ဝင် ပစ္စည်းတစ်ခုဖြစ်၏။ နိုင်ငံတစ်နိုင်ငံလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကိုအကဲဖြတ်ရာ၌ အဓိကအခြေပြုသောပစ္စည်းမှာစာပေဖြစ်၍ 'အလိမ္မာစာမှာရှိ' သည်ဟု ရှေးဆိုရိုးစကားက အထင်အရှားသက်သေပြနေသည်ကို တွေ့ရှိရပေသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုထွန်းကားရေး၊ ဇာတိဂုဏ်မြင့်မားရေးအတွက် ယဉ်ကျေးမှုကိုတန်ဖိုးထားပုံစနစ်များမတူညီကြကြောင်း တွေ့ရှိရပေသည်။ အချို့နေရာများတွင် တူညီမှုများရှိသကဲ့သို့ မတူညီကွဲပြားခြားနားမှုများလည်း နေရာတော်တော်များများတွင်ရှိနေကြပါသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ လူမှုဆက်ဆံရေးစနစ်အား ဘုရားရှင်ဟောကြားတော်မူခဲ့သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နှင့်အညီ ရှေးဘိုးဘေးဘီဘင်များလက်ထက်ကစ၍ ယနေ့မြန်မာလူ့ဘောင်အဖွဲ့အစည်းအထိတိုင် ခံယူကျင့်သုံးလျက်ရှိနေသည်။

ရှေးအခါက မင်္ဂလာတရားများကို တိကျစွာမသိရှိ၍ နတ်နှင့်လူတို့သည် တစ်ဆယ့်နှစ်နှစ်ကာလပတ်လုံး ထုတ်ဖော်ဆွေးနွေးမေးမြန်း၍ ကြံစည်ကြ၊ ရှာဖွေကြ၊ ထုတ်ဖော်ကြသော်လည်း တိကျပြတ်သားသောအဖြေများကို မရရှိနိုင်ဘဲ အငြင်းပွား၍သာ ရှိနေကြရကုန်၏။

ထိုအရေးကြောင့် ရှေးရှေးအခါမြတ်စွာဘုရားလက်ထက်တော် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်း၌ ရှင်တော်မြတ်ဘုရားသီတင်းသုံးနေတော်မူစဉ် ညဉ့်ဦးယံလွန်ပြီးသောအခါ၌ အမျိုးအမည်မထင်ရှားသော ဒေဝတာနတ်သားတစ်ပါး၏ ခွင့်ပန်လျှောက်ထားမှုကိုအကြောင်းပြု၍ ရှင်တော်မြတ်ဘုရားက **'ဘောဒေဝပုတ္တ၊ အိုနတ်သား'** အစချီ၍ ဆယ်ပါးသောဂါထာတော်အား ပါဠိဘာသာဖြင့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားကို အောက်ပါအတိုင်းဟောကြားခဲ့သည်-

**ပဌမဂါထာ၊ မင်္ဂလာ (၃) ပါး**

**'အို နတ်သား' ဗာလနံ၊** သူမိုက်တို့ကိုမမှီဝဲမဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ပဏ္ဍိတာနံ၊** ပညာရှိတို့ကို မှီဝဲဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ပူဇနေယျာနံ၊** ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤသုံးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**ဒုတိယဂါထာ၊ မင်္ဂလာ (၃) ပါး**

**'အို နတ်သား' ပတိရူပ၊** သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ကတပုညတာစ၊** ရှေးဘဝကပြုခဲ့သောကောင်းမှုကုသိုလ်ရှိသူဖြစ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **အတ္တသမ္မာ၊** မိမိကိုယ်ကိုကောင်းစွာဆောက်တည်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤသုံးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**တတိယဂါတာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' ဗာဟုသစ္စ၊** အကြားအမြင်များသောသူဖြစ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သိပ္ပဉ္စ၊** အပြစ်မရှိသောလက်မှုပညာအတတ်ကို သင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သုသိက္ခိတော၊** ဝိနည်းတရားတော်များကို ကောင်းစွာသင်အပ်ခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သုဘာသိတာစ၊** ချစ်ခင်ဖွယ်ကောင်းသောစကားများကို ပြောဆိုတတ်ခြင်း သည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**စတုတ္ထဂါထာ၊ မင်္ဂလာ (၃) ပါး**

**'အို နတ်သား' မာတာပီတု၊** အမိအဘတို့ကို လုပ်ကျွေးပြုစုရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ပုတ္တဒါရသ၊** သားမယားတို့ကို ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **အနာကုလာစကမ္မန္တာ၊** အနှောက်အယှက်ကင်းသော အလုပ်ကိုပြုလုပ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤသုံးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**ပဉ္စမဂါထာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' ဒါနဉ္စ၊** အလှူပေးကမ်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဓမ္မစရိယာစ၊** တရားတော်နှင့်အညီ ကျင့်ကြံရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ **ဉာတကနဉ္စ၊** အဆွေအမျိုးတို့အား ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ **အနာဝဇ္ဇာနိကမ္မနိ၊** အပြစ်မရှိသောအလုပ်တို့ကို လုပ်ကိုင်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**ဆဋ္ဌမဂါထာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' အာရတီစ၊** မကောင်းသောအမှုကိစ္စမှ ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဝိရတီစ၊** မကောင်းမှုတို့ကို အထူးရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **မဇ္ဇပါနာ၊** အရက်သေစာနှင့်မူးယစ်ဆေးဝါးသောက်စားခြင်းမှ ဝေးစွာရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဓမ္မေသု၊** ကုသိုလ်ကောင်းမှုတို့ကို မမေ့လျော့ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**သတ္တမဂါထာ၊ မင်္ဂလာ (၅) ပါး**

**'အို နတ်သား' ဂါရဝေါစ၊** ရိုသေထိုက်သူတို့ကို ရိုသေခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **နိဝါတောစ၊** မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သန္တုဋ္ဌီစ၊** တင်းတိမ်ရောင့်ရဲလွယ်ခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ကတညုတာစ၊** သူပြုဖူးသောကျေးဇူးကို သိတတ်ခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဓမ္မဿဝဏာဉ္စ၊** သင့်တင့်သောအချိန်၌ တရားနာကြားရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤငါးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**အဋ္ဌမဂါထာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' ခန္တီစ၊** သည်းခံခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သောဝစဿတာစ၊** သူတော်ကောင်းတို့၏ဆုံးမမှုကို ခံယူလွယ်သောသူဖြစ်ခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **သမဏာနံ၊** သူတော်ကောင်းရဟန်းတို့အား ဖူးမြော်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဓမ္မသာကစ္ဆာ၊** တရားဘာဝနာများကို ဆွေးနွေးမေးမြန်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**နဝမဂါထာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' တပေါစ၊** မြိုးမြံစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဗြဟ္မစရိယဉ္စ၊** မြတ်သောအကျင့်ကိုကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **အာရိယသစ္စာနံ၊** သစ္စာတရားတို့ကိုသိရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **နိဗ္ဗာနံ၊** နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏။

**ဒသမဂါထာ၊ မင်္ဂလာ (၄) ပါး**

**'အို နတ်သား' လောကဓမ္မေဟိ၊** လောကဓံတရားများနှင့်တွေ့ကြုံရသည့်အခါ မတုန်လှုပ်ခြင်းသည်လည် မင်္ဂလာတစ်ပါး။ **အသောကံ၊** စိုးရိမ်မှုကင်းခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ဝိရဇံ၊** ရမ္မက်တည်းဟူသော မြူကင်းစင်ခြင်းသည်လည်း မင်္ဂလာတစ်ပါး။ **ခေမံ၊** ဘေးအန္တရာယ်ကင်းခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤလေးပါးသောတရားတော်များသည်လည်း မင်္ဂလာမည်ပေ၏

**'ဘောဒေဝ ပုတ္တ။ အို နတ်သား'** ဤသုံးဆယ့်ရှစ်

**စာမျက်နှာ ၁၁ သို့ -**

**စာမျက်နှာ ၁၀ (ယဉ်ကျေးမှုအမွေ) မှ -**

ပါးသော မင်္ဂလာတရားတော်များကို ကျင့်သုံးသောသူတို့ကို အလုံးစုံသောအရပ်တို့၌ ရန်သူတို့သည် မအောင်မြင်ရာ၏။ **သဗ္ဗတ္ထ သောတ္ထိံ၊** အလုံးစုံသောအရပ်တို့၌ ချမ်းသာခြင်းကိုရောက်ကြကုန်၏။ ဤသုံးဆယ့်ရှစ်ပါးသောမင်္ဂလာတို့သည် **တေသံ၊** နတ်လူတို့အား **ဥတ္တမံ၊** မြတ်စွာသောမင်္ဂလာမည်၏ဟူ၍ ရှင်တော်မြတ်ဘုရားဟောကြားတော်မူပါသည်။

ကျွန်ုပ်တို့၏ယနေ့ခေတ် ကမ္ဘာကြီးသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးတစ်ခုလုံးရွာတစ်ခုသဖွယ် အချိန်နှင့်တပြေးညီကူးလူးဆက်သွယ် ဆက်ဆံလာနိုင်ခြင်းကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင် အခြားနိုင်ငံလူမျိုးများ၏ အတွေးအခေါ် အယူအဆများ ဝင်ရောက်လာပြီဖြစ်သဖြင့် မြန်မာ့ယဉ်ကျေးမှုနယ်မြေများတွင်လည်း ဝင်ရောက်မှုများရှိလာခြင်းကြောင့် ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားနှင့်အညီ ကျင့်ကြံကြိုးကုတ်နေထိုင်ကြခြင်းဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို ကာကွယ်ထိန်းသိမ်းနိုင်ကြမည်ဖြစ်သည်။

မြတ်ဗုဒ္ဓဟောကြားသော တရားတော်များသည် လူတို့၏ဘဝများအတွက် ကောင်းမွန်စွာနေထိုင်ကျင့်သုံးတတ်စေရန် အသေးစိတ်ညွှန်ပြဟောကြားထားခြင်းဖြစ်၍ စိတ်ငြိမ်းချမ်းမှုကို အကောင်းဆုံးထိန်းသိမ်းနိုင်သည့် စွမ်းရည်တစ်ရပ်ဖြစ်သလို အသိပညာနှင့်စိတ်ဖြူစင်မှုတို့တွင် ပို၍မြင့်မားစေသော လက်တွေ့ကျင့်စဉ်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

မြတ်စွာဘုရားသခင်သည် တပည့်သာဝကရဟန်းများအား တရားဒေသနာတော်များဟောကြားရာတွင် 'ငါ့ရှင်တို့' မည်သည့်တရားကိုမဆိုသေချာစဉ်းစားဆင်ခြင်ခြင်းမရှိဘဲ မယုံကြည်ကြရန်၊ သတင်းစကားကြားရုံမျှဖြင့်လည်းကောင်း၊ အစဉ်အဆက်စကားဖြင့်လည်းကောင်း၊ ဤသို့ဖြစ်ဖူးသည်ဟုဆိုစကားများဖြင့်လည်းကောင်း၊ ဘာသာရေးကျမ်းဂန်များနှင့် ညီညွတ်သည်ဟူ၍လည်းကောင်း၊ အကျိုးအကြောင်းညီမျှခြင်းကြောင့်လည်းကောင်း၊ မိမိကိုယ်ကိုကောက်ချက်ချနိုင်မှုကြောင့်လည်းကောင်း၊ ဆရာ၏ပြောကြားခြင်းကြောင့် စသည်တို့ဖြင့်ယုံကြည်သက်ဝင်မှုကို ရှောင်ကြဉ်ရန်၊ ထိုဘာသာရေးကျင့်စဉ်များကို ကျနစွာကြည့်ရှုစစ်ဆေး၍ အကြောင်းအကျိုး၊ အကောင်းအဆိုးခွဲခြားစီစစ်ပြီး လူသားအားလုံးတို့၏ကောင်းကျိုးသေချာစွာပေးနိုင်သည်ဟု မိမိကိုယ်တိုင်ကျင့်ကြံသိရှိပြီးပါမှ လက်ခံကျင့်သုံးရန်' ဟူ၍ ညွှန်ပြဟောဖော်ခဲ့ပါသည်။

လူတို့၏အသိပညာနယ်ပယ်တွင် စိတ်ကိုထိန်းချုပ်နိုင်အောင် စွမ်းဆောင်နိုင်ခြင်း၊ စာရိတ္တပိုင်းဆိုင်ရာယိုယွင်းအားနည်းမှုများကို ထိန်းချုပ်ပေးနိုင်ခြင်း၊ အနှောက်အယှက်ကင်း၍ တည်ငြိမ်အေးချမ်းသောဘဝကို ဖန်တီးတည်ဆောက်နိုင်ခြင်း၊ လူ့ဘဝအတွက်အောင်မြင်မှုရရန် အသိပညာများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခြင်း၊ လောကနှင့်သဘာဝပတ်ဝန်းကျင်တို့ကို သဟဇာတဖြစ်အောင် ညှိနှိုင်းနေထိုင်တတ်အောင် သင်ကြားပြသပေးခြင်း၊ လောကကမ္ဘာကြီးကို ငြိမ်းချမ်း၍ချမ်းမြေ့ဖွယ်ကောင်းသောနေရာဖြစ်အောင် ပြောင်းလဲရေး၊ စိတ်ပိုင်းဆိုင်ရာတို့ကို ဦးဆောင်မှုပေးကမ်းနိုင်သည့် ကောင်းကျိုးတရားများကို ရရှိနိုင်ခြင်းတို့သည် လက်တွေ့မင်္ဂလာတရားကျင့်သုံးမှုအပေါ် မူတည်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏လူနေမှုစနစ်ကို လမ်းညွှန်ပေးထားသောဘဝလမ်းညွှန်၊ လုပ်ငန်းလမ်းညွှန်၊ ရိုးရာဓလေ့ထုံးစံများဖြစ်၍ ဘိုးဘွားအစဉ်အဆက်က မပျက်မကွက်ကျင့်သုံးလျက်ရှိရာ အစဉ်အဆက်မှအစဉ်အလာ၊ အစဉ်အလာမှယဉ်ကျေးမှု၊ ယဉ်ကျေးမှုမှလူမျိုး၏ဂုဏ်သိက္ခာ၊ ဂုဏ်သိက္ခာမှ မြတ်နိုးတမ်းတချစ်ခင်ဖွယ်ရာများဖြစ်လာသည့်အတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းစောင့်ရှောက်ရာ၌ အစဉ်အလာကြီးမားသော မြန်မာလူမျိုးတို့၏စွမ်းရည်သတ္တိများ၊ အကျင့်သိက္ခာများ၊ သစ္စာတရားစောင့်ထိန်းတတ်မှုများ၊ ကျင့်ဝတ်တရားများကို အလေးထားတန်ဖိုးထားတတ်မှုများဖြင့် မြန်မာ့ရိုးရာအစဉ်အလာများကို လေးစားစောင့်ထိန်းလိုက်နာပြုကျင့်သင့်ပေသည်။

ထိုအစဉ်အလာများသည်ပင် လူတစ်ဦးချင်းစီ၏ကိုယ်ကျင့်တရား ပင်မသွေးကြောဖြစ်၍ အကျင့်စာရိတ္တကောင်းမွန်သော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်၏အကျိုး၊ လူမျိုး၏အကျိုး၊ ဘာသာ/သာသနာ၏အကျိုး၊ လောက၏အကျိုး၊ လူသားများ၏ကောင်းကျိုးများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို အခြေခံ၍ရေးသားတင်ပြအပ်ပါသည်။

**တင်ကြည်ဦး (စစ်ငြိမ်းအေး)**

**စာမျက်နှာ ၉ (ဟိုတစ်စ ဒီတစ်စ) မှ -**

၏ရင်တွင် ဝမ်းသာကြည်နူးမှုခံစားရသည်။ ဘာသာသာသနာအတွက် ဝမ်းသာကြည်နူးခြင်းဖြစ်သည်။ မိန်းမသားများသည် ယောကျ်ားသားများထက် စိတ်လှုပ်ရှားမှု၊ စိတ်ခံစားမှုပိုများသည်ဟုထင်မိသည်။

နံနက်အိပ်ယာမှထ၊ မျက်နှာသစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဘုရားသောက်ရေသုံးရေ၊ မျက်နှာသစ်တော်ရေများကပ်လှူသည်။ ဘုရားပန်းအိုးရေအသစ်လဲသည်။ နေ့စဉ်မပျက်မကွက်လုပ်ကြသည်။ ချစ်ဖို့ကောင်းသော မိန်းမသားများ၏စရိုက်ပင်ဖြစ်သည်။ မုန့်ဟင်းခါးချက်တတ်သော၊ ချက်ရသည်ကိုဝါသနာပါသော အစ်မတစ်ယောက်သည် မုန့်ဟင်းခါးကိုစေတနာဖြင့် မကြာခဏချက်ပြီး အခန်းဖော်နှင့် ဘေးအခန်းမှသူများကို ကျွေးတတ်သည်။

ရေချိုးခန်းမျက်နှာစာ၊ ရေချိုးခန်း၊ အိမ်သာများကိုလည်း ဘယ်သူ၊ ဘယ်ဝါမတွက်ကပ်ပါဘဲ လုပ်ချင်စိတ်ပေါက်သူက သန့်ရှင်းအောင်လုပ်သွားတတ်သည်။ မိန်းကလေးအများစုသည် မိမိရေချိုးနေကျအခန်းကိုသာ စွဲစွဲမြဲမြဲရေချိုးကြသည်။ ယောကျ်ားလေးများထက် ဝမ်းသာစရာအသေးစား၊ ဝမ်းနည်းစရာအသေးစားများကို ပို၍ခံစားတတ်ကြသည်။ စောင်လျှော်ခြင်း၊ စောင်ထုတ်လှန်းခြင်း၊ အခန်းတွင်း/ပြင်သန့်ရှင်းရေးလုပ်ခြင်း၊ အဝတ်လျှော်ခြင်း၊ မီးပူတိုက်ခြင်းများကို စနေ၊ တနင်္ဂနွေရက်များတွင် အထူးလုပ်ဆောင်ကြသည်။ သူ့အခန်း၊ ကိုယ့်အခန်းအပြိုင် သန့်ရှင်းနေကြသည်။ မိန်းမပျိုဝန်ထမ်းလေးများဖြစ်သောကြောင့် ဂုဏ်သိက္ခာတန်ဖိုးထားမှု၊ စည်းကမ်းရှိမှု၊ ထားသင့်ထားအပ်သော မိန်းမမာနထားရှိမှုများသည် စံပြအနေဖြင့် သာမန်အရပ်သူမလေးများထက် ပိုရမည်မဟုတ်ပါလော။

## ပင်စင်စားတို့ အိမ်ပြန်ချိန်



- ကြည့်
  သူတို့ လေးယောက်
  ရှေ့ဆင့် နောက်ဆင့်
  ဆင့်ကဲ ဆင့်ကဲ
  တစ်ကိုင်းတည်းနား
  ငှက်များပမာ
  ခွဲခွာပျံထွက်
  လုပ်သက်ပင်စင်ယူကြပြီ...။
- ကြည့်
  သူ့အရိပ် ကိုယ်ခို
  ကိုယ့်အရိပ် သူနား
  တစ်သွေးတည်း တစ်သားတည်း
  ချွေးများသက်သေ
  တွဲလက်မဖြေ
  အတူနေ အတူလုပ်
  ထုတ်ကုန်အလီလီ
  ကိုယ်စီကိုယ်ငှ
  ကျရာတာဝန်
  ကျေပွန်ခဲ့ကြပြီးပြီ...။
- ဟောကြည့်
  တစ်ယောက်က အနောက်ဆီ
  တစ်ယောက်က မြောက်ဆီ
  တစ်ယောက်က အရှေ့ဆီ
  တစ်ယောက်က တောင်ဆီ
  မိုင်ရာချီဝေး
  မွေးရပ်မြေဆီပြန်ကြပြီ...။
- 'ချစ်ခင်ပေါင်းသင်း
  ဆက်ဆံခြင်းကား
  ကွေကွင်းနောက်ဆုံး' ကို
  အပြုံးနဲ့ရင်ဆိုင်ခဲ့ကြပြီ...။
- ဆိုတော့... ငါ့...အတွက်တော့
  လုပ်ဖော်ကိုင်ဖက်ဆိုတာ
  အိမ်မက်မိတ်ဆွေ မဟုတ်ပြီ...။

ပင်စင်ယူသွားကြသော လုပ်ဖော်ကိုင်ဖက်များသို့-

**ပန်းတောင်းနေမင်းထင်**

# မဏိစန္ဒာပဲ ကောင်းပါတယ်။

ကျွန်တော်သည် ဘဒင် (ထုံးဘို) ဟူသောကလောင်အမည်နှင့် ရွှေစက်မှုဂျာနယ်သို့ ကဗျာလေးတွေရေးပို့ခဲ့ရာ ကြိုကြားကြိုကြား ရွေးချယ်ဖော်ပြခြင်းခံရပါတယ်။ ကလောင်အမည် ဘဒင် (ထုံးဘို) ဆိုပေမဲ့ ကျွန်တော်သည်ကား မလွန်မြေဖွား မလွန်သားစစ်စစ်ဖြစ်ပါတယ်။ ၂၀၀၉ နှစ်လယ်ပိုင်းလောက်က မလွန်စက်ရုံကနေ ထုံးဘိုစက်ရုံသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန်မှာ ကဗျာရောဂါထကြွသောင်းကျန်းလာခဲ့လို့ ရွှေစက်မှုဂျာနယ်သို့ ကဗျာရေးပို့ချိန် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒေသအမည်ကိုကပ်ပြီးပေးခဲ့ပါတယ်။ ကျွန်တော့်ကိုလည်း ထုံးဘိုစက်ရုံမှ အပေါင်းအသင်းများက နာမည်အရင်းကို ဖျောက်ပြီး ဘဒင်လို့ပဲခေါ်ကြပါတယ်။

ဘဒင်ဆိုတဲ့အမည်ကလည်း အဆိုတော်ဗဒင်ရဲ့သီချင်းများကို ဂစ်တာနဲ့ပိုင်ပိုင်နိုင်နိုင် တီးခတ်သီဆိုနိုင်တဲ့အတွက်ကြောင့် သူငယ်ချင်းများက ဗဒင်၊ ဗဒင်ဆိုပြီး ဂုဏ်ပြုခေါ်ဆိုကြရာကနေ မလွန်တစ်နယ်လုံးကပါ ဗဒင်၊ ဗဒင်နဲ့စွဲမြဲလာတဲ့ နာမည်ဖြစ်ပါတယ်။ အဆိုတော် ဗဒင်လို ဗထက်ချိုင့်နဲ့ဒင်တာကို မတူအောင်လို့ ဘကုံးနဲ့ဒင်ခဲ့တာဖြစ်ပါတယ်။ ဘကုံးနဲ့ ဒင်တဲ့ ဘဒင်ပေါ့ခင်ဗျာ။

ကျွန်တော် လေးနှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့တဲ့ စက်ရုံသည် ထုံးဘိုမြို့နှင့် ၈ မိုင်ခန့်ဝေးသော်လည်း ထုံးဘိုစက်ရုံလို့ပဲ သိကြပါတယ်။ တကယ်တမ်း ကျွန်တော်တို့မလွန်စက်ရုံလို မလွန်နဲ့နီးလို့ခေါ်မယ်ဆိုရင်တော့ ထုံးဘိုစက်ရုံကို ကွင်းလှစက်ရုံလို့ခေါ်ရမယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကွင်းလှဆိုတဲ့ရွာကြီးနဲ့ စက်ရုံကကပ်လျက်ရှိနေတာကြောင့် ဖြစ်ပါတယ်။ ၄င်းကွင်းလှရွာရဲ့ရွာဦးမှာ ရွာဦးစေတီတစ်ဆူရှိပြီး၊ ၄င်းရွာဦးစေတီရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်းစည်ကားစွာဖြင့် ပွဲတော်ရက်ဆယ်ရက်ကျင်းပတာဖြစ်ပါတယ်။ ၄င်းဘုရားပွဲတော်သို့ ဆယ့်နှစ်ပွဲဈေးသည်များနှင့် ရွာနီးချုပ်စပ်က ဈေးသည်များလာသည့်အပြင် စက်ရုံဝန်ထမ်းအချို့ကလည်း အပိုဝင်ငွေများ အခါအားလျော်စွာရရှိစေဖို့ လက်ဘက်ရည်ဆိုင်၊ အဖျော်ယမကာဆိုင်များဖွင့်လှစ်ရောင်းချကြပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေ စက်ရုံဝန်ထမ်းတစ်ဦးက ယမကာဆိုင်ဖွင့်သည့်အတွက် အချက်အပြုတ်ဝါသနာထုံသည့် ကျွန်တော့်အား အကူအညီပေးပါရန် မေတ္တာရပ်ခံသည့်အတွက် မလွန်စက်ရုံမှ အတူတူပြောင်းရွှေ့လာသည့် ညီငယ်တစ်ယောက်နဲ့ မိတ်ဆွေ၏



ဆိုင်မှာ ကူညီပေးခဲ့ပါတယ်။ ကွင်းလှဘုရားပွဲတော်ကား အထူးစည်ကားပြီး ဈေးဆိုင်ခန်းဖွင့်ပြီး ရောင်းချသူများအတွက် လက်မလည်အောင် ရောင်းအားကောင်းကြပါတယ်။ ညလုံးပေါက်ဆိုင်ဖွင့်ပြီး ဝီရိယစိုက်ရောင်းချကြတာမို့ ဆိုင်ရှင်မိသားစုနဲ့ကျွန်တော်တို့လည်း အတော်လေး ပင်ပန်းကြပါတယ်။ အဲ့ဒီလို ဈေးကူရောင်းရင်းက ကျွန်တော့်ရဲ့ဘဒင်ဆိုသောနာမည်အတွက် ငိုအားထက်ရယ်အားသန်ခဲ့သောအဖြစ်အပျက်လေး ဖြစ်ပွားခဲ့ပါတော့တယ်ခင်ဗျာ။

ဘုရားပွဲတော် လေးရက်မြောက်နေ့မှာ ဆိုင်ရှင်မိတ်ဆွေမိသားစုက နေ့လယ်နေ့ခင်းလူရှင်းချိန် စက်ရုံလိုင်းခန်းသို့ အနားယူရန်ခေတ္တပြန်သွားခဲ့ပါတယ်။ ဆိုင်မှာ ကျွန်တော်နဲ့မလွန်သား ညီငယ်နှစ်ယောက်ပဲကျန်ခဲ့တာမို့ သူ့အားဆိုင်ရှေ့မှာထားပြီး ကျွန်တော်ကဆိုင်အနောက်မှာ ယမကာနှင့်မြည်းနိုင်မည့် စားဖွယ်ရာများကို ပြင်ဆင်ချက်ပြုတ်နေပါတယ်။ (ဒီနေရာမှစလို့ ဆိုင်သို့လာရောက်စားသုံးသူများနဲ့ ကျွန်တော်တို့ပြောဆိုပုံများကို ဇာတ်လမ်း ဇာတ်ကွက်ပုံစံဖြင့် တင်ပြခွင့်ပေးပါခင်ဗျာ)

× × ×

'အစ်ကိုတို့ ကြွပါခင်ဗျာ။ ဘာများသုံးဆောင်လိုပါသလဲ'

ဆိုင်ထဲသို့စားသုံးသူများ ဝင်လာသည်ထင်ပါရဲ့။ ကျွန်တော့်ညီငယ်၏အသံကို ကြားလိုက်ရပြီးနောက်-

'အေး၊ ပြောင်းဖူးတစ်ဖူးချကွာ' (ပြောင်းဆန်မွှေးယမကာ)

'ဝက်ခေါင်းသုပ် တစ်ပွဲချကွာ'

'လက်ဖက်သုပ် တစ်ပွဲချကွာ'

ဆိုင်ရှေ့မှစားသုံးသူတွေရဲ့ မှာကြားမှုအသံတွေကို ဆိုင်နောက်ဖေးအကွယ်ကနေ

**ဘဒင် (ထုံးဘို) မလွန်မြေဖွား**

အတိုင်းသားကြားနေရတာမို့ ကျွန်တော်အလျင်အမြန် ပြင်ဆင်လိုက်ပါတယ်။ စားစရာတွေပြင်ဆင်အပြီးမှာ ကျွန်တော့်ညီငယ်က မီးဖိုထဲဝင်လာပြီး-

'ကိုဘဒင်၊ အစ်ကို့ကိုရှေ့ကလူတွေ ကလာမေးနေတယ်။ အစ်ကို့ဘော်ဒါတွေလားမသိဘူး။ ထွက်ကြည့်လိုက်ဦး'

ဆိုပြီး ကျွန်တော်ပြင်ဆင်ထားတဲ့ စားစရာတွေကိုယူပြီး ထွက်သွားပါတယ်။ ကျွန်တော်လည်းစက်ရုံထဲက ကျွန်တော့်ညီငယ်မသိသေးတဲ့ လူတွေလားဆိုတဲ့အတွေးနဲ့ ဆိုင်ရှေ့ထွက်ကြည့်တော့ ကျွန်တော်လုံးလုံးလည်းမသိ၊ ပြားပြားလည်းမသိ၊ လေးထောင့်လည်း မသိတဲ့လူတွေဖြစ်နေတာမို့ ကျွန်တော့်ကိုမေးတာ ဘာကြောင့်လဲလို့ စနည်းနာချင်တာနဲ့-

'ဘာများလိုအပ်သေးလဲ အစ်ကိုတို့။ လိုအပ်တာရှိရင် ပြောနော်'

လို့မေးတော့ စားသောက်နေသည့်အထဲမှ လူတစ်ယောက်က-

'လိုအပ်တာတော့ ဗဒင်ပဲကိုယ့်လူ။ ခုနကကောင်လေးက ဗဒင်ရှိတယ်ဆိုပြီး အခုထိရောက်မလာသေးဘူး'

တကယ့်လူတွေ၊ ဘဒင်တစ်ယောက်လုံးရှေ့မှာရောက်နေတာတောင် မရောက်သေးဘူးပြောနေတယ်။ အူကြောင်ကြားနဲ့လို့ စိတ်ထဲကခနဲ့လိုက်ပြီး နှုတ်ဖျားကတော့-

'ဟုတ်ကဲ့ ဘဒင်ဆိုတာ ကျွန်တော်ပါပဲ။ ကိစ္စလေးကို တစ်ချက်လောက်'

လို့ပြောမေးမေးလိုက်တော့-

သကောင့်သားများက စားသောက်လက်စတွေကို ခဏအနားပေးပြီး ကျွန်တော့်ကို လှောင်ပြုံးတွေနဲ့ကြည့်ကာ

'ခင်ဗျားက ဗဒင်လား'

'ဟုတ်ပါတယ် ကျွန်တော်ဘဒင်ပါ'

လို့ သူတို့အမေးကိုပြန်ဖြေတော့-

'ဒါဆို ခင်ဗျားက ခွေးသားပေါ့'

လို့ရင့်သီးစွာ စော်ကားလာတာကြောင့် ပုဆိုးကိုပြင်ဝတ်ပြီး ဒေါသသံနှင့်-

'ခင်ဗျားတို့ မိုက်ရိုင်းလှချည်လား။ အသားလွတ်စော်ကားလွန်းတယ်'

ကျွန်တော်ဒေါသထွက်မှန်းသိတော့ ထိန်းထိန်းသိမ်းသိမ်းရှိသော စားသုံးသူတွေအဖွဲ့ထဲမှ တစ်ယောက်က-

'ကျွန်တော်တို့က ခင်ဗျားကိုစော်ကားတဲ့စကားတစ်ခွန်းမှ မပြောဘူး။ ဒါနဲ့ ခင်ဗျား နာမည်ကဘယ်သူလဲ'

'ကျုပ်နာမည် ဘဒင်လို့ပဲ လူတိုင်းသိတယ်'

သကောင့်သားများ စားသောက်စရာတွေကို စားသုံးရင်းမှမော့ကြည့်ကြပါတယ်။ ပြီးတော့ လှောင်ပြုံးလေးပြုံးပြီး သနားစရာလူသားအလား ကြည့်ကြပြီး သူတို့ထဲမှ တစ်ယောက်က-

'ခင်ဗျားနာမည် ဗဒင်ဆိုရင်တော့ ဒီကွင်းလှ၊ ထုံးဘိုနယ်မြေမှာ နာမည်ပြောင်းသင့်ပြီ။ ဒီနယ်မြေတစ်ဝိုက်မှာတော့ ခွေးသားကို ဗဒင်လို့ပဲ ခေါ်ကြတယ်'

ရင်ဘတ်ထဲ တစ်ချက်အောင့်သွားတယ်။ ပြီးတော့ နည်းနည်းရှက်သွားပါတယ်။ ဗဒင်ဆိုတာ ခွေးသားဟင်းကို ခေါ်တာတဲ့ဗျာ။ ဆိုင်ရှင်မိတ်ဆွေရောက်လာတဲ့အခါ မေးကြည့်တော့၊ ဟုတ်တယ်။ ဒီဘက်မှာ အဲ့လိုပဲခေါ်ကြတာတဲ့။ ဘာဖြစ်လို့ အဲ့ဒီလိုခေါ်တာလဲလို့မေးကြည့်တော့ မင်းက ဗဒင်သီချင်းတွေပိုင်တာပဲ။ ပြန်ဆိုကြည့်ပေါ့ဆိုလို့ အဆိုတော်ဗဒင်ရဲ့ နေရာစီးရီးခွေထဲကသီချင်းတွေကို အနုလုံပဋိလုံပြန်ဆိုကြည့်တော့-

'. . . ကျေးလက်တောတန်းမြိုင်ယံများ. . မြို့ပြများလည်းကျော်လွန်ပြီး. . . မိုင်ထောင်ချီတဲ့အတွေးတွေရယ် အိုးအိုး. . . . . . . . . . . . . . . . . . . .
ဒီကမ္ဘာမှာအနေချင်ဆုံး ဝုတ် ဝူ ဝုတ် ဝူ ဝုတ် ဝုတ် ဝို ဝို ဝုတ် ဝူ ဝုတ် ဝူ ရေ ရေး ရေ. . . .'

ဟုတ်ကဲ့၊ ခွေးသားဟင်းကို ဗဒင်လို့ ဘာဖြစ်လို့ခေါ်လဲဆိုတာ ပရိသတ်ကြီးသိလောက်ပြီထင်ပါတယ်။ ကျွန်တော်သိခဲ့တဲ့ အချိန်ကမငိုဘဲ ဝါးလုံးကွဲရယ်သလို ပရိသတ်ကြီး မရယ်ရပေမဲ့ ပြုံးရုံလေးပြုံးလိုက်ပါခင်ဗျား။

**စာကြွင်း**

**ခွေးသားဟင်းကို အဲ့ဒီနယ်ဘက်မှာ 'မဏိစန္ဒာ' လို့ခေါ်တတ်ကြောင်း သိခဲ့ရတဲ့အတွက် ဗဒင်နာမည်ပျောက် 'မဏိစန္ဒာ' လို့ပဲ ခေါ်ကြပါစို့လို့။**

# ကံ မယုံချင်နေ



အကြားအမြင် ဗေဒင်လက္ခဏာတို့ကို သင်ယုံကြည်ပါသလား။

x x xxx

လွန်ခဲ့သော အနှစ် ၂၀ ခန့်က မန္တလေးမြို့ရှိ ဗေဒင်ဟောခန်းတစ်ခုသို့ သူငယ်ချင်းဖြစ်သူ အဖော်ခေါ်သဖြင့် ရောက်ခဲ့ဖူးသည်။ ဗေဒင်ဆရာမကြီးမှာ ပုဏ္ဏားမျိုးနွယ်ဖြစ်ပြီး အသက် ၅၀ ကျော်ခန့်ရှိသည်။ သူငယ်ချင်းဖြစ်သူမှာ သူ၏ ဟောပြောမှုပြီးသည့်နောက် ဟောခန်းအတွင်းမှ ထွက်လာပြီး 'မင်းလည်း မေးကြည့်ပါလား၊ လူလည်းရှင်းတယ်၊ မင်းအလုပ်က အချိန်မရွေး အသက်အန္တရာယ်ရှိတဲ့အလုပ်၊ ဆောင်ရန် ရှောင်ရန်လေးတွေ သိရတာပေါ့' ဟု ကျွန်တော့်အား ဗေဒင်မေးရန် တိုက်တွန်း၏။ ထိုစဉ်က ကျွန်တော်သည် တပ်မတော် တပ်ရင်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါ၏။ 'ဝါသနာမပါ ပါဘူးကွာ၊ ပိုက်ဆံကုန်တယ်' ဟု ကျွန်တော် ခပ်ပြတ်ပြတ်ပြောရင်း ငြင်းလိုက်ရာ 'ပိုက်ဆံငါပေးပါမယ်ကွာ၊ ရောက်တုန်း မေးကြည့်လိုက်' ဟုထပ်မံတိုက်တွန်းနေသဖြင့် မယုံ့တယုံနှင့်ပင်မေးဖြစ်၏။

'နာမည်၊ မွေးနေ့၊ မွေးလ၊ မွေးနှစ်ပြောပါ' ဟု ဗေဒင်ဆရာမကြီးကဆိုသဖြင့် ကျွန်တော် သူမေးသည်ကိုဖြေလိုက်ရာ စာရွက်တစ်ရွက်ပေါ်တွင် ဟိုခြစ်ဒီခြစ် ၁၅ မိနစ်ခန့်လုပ်ပြီးနောက် ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကိုဖြန့်ခိုင်းပြီး 'သိုက်ဖွားရှင်ပဲ၊ ခရီးတွေ မကြာခဏသွားရတတ်တဲ့ လက္ခဏာရှင်၊ လက်တွေ့သမား၊ ဘွင်းဘွင်းရှင်းရှင်းပြောတတ်လို့ မသိရင် လူ့ဂွစာလို့ အပြောခံရမယ့်လူ၊ မွေးလမကျော်ခင် လုပ်ငန်းဌာန ပြောင်းရွှေ့ရမယ့်ကိန်းမြင်တယ်၊ ကျန်းမာရေး၊ မိသားစုရေး ကောင်းပါတယ်။ စီးပွားရေးကတော့ပုံမှန်၊ ကဲ ဘာသိချင်သေးလဲ' ဟု တိုတိုတုတ်တုတ်ပင်ဟောချက်ထုတ်၏။ သူ့ဟောချက်များအနက် မွေးလမကျော်ခင် ပြောင်းရွှေ့ကိန်းမြင်တယ်ဆိုသည်ကိုတော့ ကျွန်တော်အထွန့်တက်ချင်မိ၏။ လက်ရှိ ကျွန်တော်တာဝန်ကျရာ တပ်စခန်း၌လည်း စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ အကျိုးပြုလုပ်ငန်းများနှင့် ကျွန်တော်ပင်ပန်းနေပေရာ ပြောင်းလိုသည့် ဆန္ဒလည်းရှိနေခဲ့သည်။ သို့ဖြင့် 'ကျွန်တော် ဘယ် ပြောင်းရမှာလဲ' မေးလိုက်ရာ ဆရာမကြီးက ဟိုခြစ်ဒီခြစ်နှင့် 'အထက်မြန်မာပြည်' ဟုဖြေ၏။ ကျွန်တော်ဆက်မေး၏။ 'အထက်မြန်မာပြည်ဆိုတာ အကျယ်ကြီး။ ဘယ်နေရာလဲ။ တိတိကျကျပြောပါ' ဆရာမကြီးက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ 'သိပ်အယုံအကြည်မရှိဘူးထင်တယ်' ဟုဆိုလေ၏။ 'ရှင်းရှင်းပြောရရင် ကျွန်တော်က သိပ်မယုံတတ်ဘူး ဆရာမကြီး' 'ရတယ်လေ' ဟု ဆရာမကြီးကဆိုပြီး ၅ မိနစ်ခန့် တွက်ချက်ပြန်၏။ ထို့နောက် 'ဟော့ဒီ မန္တလေး' ဟုသူ့စားပွဲကို လက်နှင့်ပုတ်၍ ဖြေ၏။ ဤမျှနှင့် ကျွန်တော်မကျေနပ်သေး။ 'မန္တလေးတော့ ဟုတ်ပါပြီ။ ဘယ်လိုနေရာလဲ' ဟု ထပ်ကွန့်ပြန်လေရာ 'တစ်ခါမှမလုပ်ကိုင်ဘူးတဲ့ လုပ်ငန်းအသစ်။ ဟော့ဒီလိုမြို့ထဲမှာပဲရှိတယ်' ဟု ခပ်ပြတ်ပြတ်ပင်ဖြေသဖြင့် ကျွန်တော်လည်း အားနာပြီး ပြန်လာခဲ့တော့၏။

x x xxx

ကျွန်တော်တပ်ရင်းသို့ ပြန်ရောက်ပြီးနောက်မန္တလေးတွင် ဗေဒင်မေးခဲ့သည့်ကိစ္စအား ဒုတပ်ရင်းမှူးနှင့် စကားစပ်ရင်းပြောဖြစ်ခဲ့ဖူးသည်။ ထိုစဉ်ကကျွန်တော်တို့တပ်ရင်းမှာ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်ဝင်နေရချိန်ဖြစ်ပြီး နောက်တန်းဌာနချုပ်မှ ဌာနချုပ်တပ်ခွဲမှူးက အထက်အမိန့်ညွှန်ကြားချက်များ၊ ဝင်စာထွက်စာများ ဒုတပ်ရင်းမှူးထံလာရောက်ပြသရင်း ကျွန်တော့်အား သတင်းတစ်ခုပေး၏။ ယင်းမှာ ရန်ကုန်ရုံးချုပ်ရှိ ကျွန်တော်၏သူငယ်ချင်းမှ ကျွန်တော့်၏ပြောင်းရွှေ့ရေးကိစ္စ ကူညီဆောင်ရွက်ပေးထားကြောင်း သတင်းပင်ဖြစ်၏။ သို့သော် ၂ လ၊ ၃ လခန့်ကြာမြင့်သော်လည်း မည်သို့မျှ အကြောင်းထူးလာခြင်းမရှိ။ ထိုကာလ၌ ရုံးချုပ်သို့ယာယီတာဝန်သွားခွင့်ရခဲ့ပြီး သူငယ်ချင်းဖြစ်သူထံ ဝင်ရောက်နှုတ်ဆက်ရင်း ကျွန်တော့် အပြောင်းအရွှေ့ကိစ္စ မေးမြန်းဖြစ်ခဲ့၏။ 'စိတ်မကောင်းပါဘူးဗျာ။ ဒီမှာလည်း လူကြီးအပြောင်းအလဲဖြစ်တော့ ခင်ဗျားကိစ္စအဆင်မပြေဘူး။ တခြားဘွဲ့ရကိုရှာလို့ ခုလူကြီးကပြောတယ်ဗျ' ဟုနှစ်သိမ့်ရင်း နေ့လယ်စာလိုက်ကျွေး၏။ မတတ်နိုင်၊ ကိုယ်၌ကလည်း အစွမ်းအစမရှိဘဲကိုး။ ကျွန်တော် တပ်ရင်းလုပ်ငန်းခွင်ပြန်ရောက်ပြီး အပြောင်းအရွှေ့ကိစ္စအား မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့၏။ တစ်ရက်၌ ဒုတပ်ရင်းမှူးခေါ်ကြောင်း ရဲဘော်တစ်ယောက်လာပြောသဖြင့် ဒုတပ်ရင်းမှူးရှိရာသို့ လုပ်ငန်းခွင်မှ ထွက်လာခဲ့၏။ 'လာ ညီကလေး။ မင်္ဂလာပါ မင်းအပြောင်းအရွှေ့ ကြေးနန်းဝင်လာပြီ' ဟုဆီးကြိုပြောသဖြင့် ကျွန်တော် အံ့သြဝမ်းသာသွားမိ၏။ 'မင်းဗေဒင်မှန်တာပေါ့ကွ' ဟု ဒုတပ်ရင်းမှူးက အစဖော်လာမှမန္တလေးတွင် ကျွန်တော်မေးခဲ့သော ဗေဒင်ဟောချက်အား သတိရမိ၏။

ဗေဒင်မှန်သည်လား။ တိုက်ဆိုင်သည်လား မပြောတတ်။ ထိုလကား ကျွန်တော့်မွေးလပင်ဖြစ်နေလေ၏။ သို့သော် ဗေဒင်ဟောချက်ပါ မန္တလေးမြို့ဟုတ်/မဟုတ် ကျွန်တော် မသိရသေး။ 'အဘလေး ပြောင်းတာတော့ဟုတ်ပါပြီ။ ဘယ်ကိုတုန်း' ဟု မေးလိုက်ရာ 'အေး ဟုတ်တယ်ကွ။ ငါတို့လည်း အဲဒီတပ်အင်္ဂါစဉ်မသိလို့ နောက်တန်းပြန်စုံစမ်းခိုင်းထားတယ်။ ခဏနေသိမယ်။ မင်းစောင့်နေဦး' ဟုဆိုသဖြင့် စောင့်နေမိသည်။ နာရီဝက်ခန့်အကြာ နောက်တန်းစက်အခေါ်ဝင်လာသဖြင့် ဒုတပ်ရင်းမှူး စက်စကားပြောရင်း ကျွန်တော့်ကို လက်မထောင်ပြသည်။ ပြီးနောက် 'ဟဲ့ ကောင်လေး မန္တလေးတဲ့ဟ။ မန္တလေး' ဟု ဝမ်းသာအားရ ပြောရှာလေ၏။ ပြီးနောက်ဆက်၍ 'မင်း မန္တလေးရောက်ရင် ငါ့အတွက်လည်း မေးပေး' ဟုဆိုပြီး သူ၏မွေးလ၊ မွေးသက္ကရာဇ်များကို စာရွက်တစ်ရွက်နှင့် မှတ်မှတ်ရရရေးပေး၏။ ဆိုရသော် ကျွန်တော် မန္တလေးမြို့သို့ အမှန်တကယ် ပြောင်းရွှေ့ခဲ့ရပြီးတစ်ခါမှ မလုပ်ကိုင်ဘူးသော လုပ်ငန်းဌာနလည်း ဖြစ်ခဲ့ပါ၏။

x x x x x

ကျွန်တော် မန္တလေးတွင် တာဝန်ထမ်းဆောင်နေပြီဖြစ်သော်လည်း ဒုတပ်ရင်းမှူးမေးခိုင်းလိုက်သည်ကို အချိန်အတော်ကြာသည့်တိုင် မမေးဖြစ်ခဲ့။ ရက်တစ်ရက်၌ ဒုတပ်ရင်းမှူး သူ့ဒေသပြန်ရင်း မန္တလေးရှိ ကျွန်တော့်ထံဝင်ရောက်လာပြီး ဗေဒင်ဆရာမကြီးထံ ပို့ဆောင်ခိုင်း၏။ သို့နှင့် နှစ်ယောက်သား ဗေဒင်ဟောခန်းသို့ သွားဖြစ်ခဲ့ပြီး ဒုတပ်ရင်းမှူးမှာ သူ့သိလိုသည်များကိုမေးပါလေ၏။ အပြန်တွင် 'ငါ့လည်း မွေးလမကျော်ခင် ပြောင်းရမယ်လို့ပြောတယ်။ အထက်မြန်မာပြည်တဲ့ကွ။ ငါလည်း ဘယ်ပြောင်းရပြောင်းရကွာ။ အခုတပ်မှာနေတာလည်းကြာလှပြီ။ မင်းတောင် မှန်သေးတာ။ ငါလည်း မှန်မယ်ထင်တာပဲ' ဟု ထင်မြင်ချက်ပေး၏။ ကျွန်တော်ဘာမှပြန်မပြောဖြစ်ခဲ့။ သူလည်း သူ့မိခင်တပ်ရင်းသို့ပြန်သွားပြီး ကျွန်တော်လည်း ကျွန်တော့်အလုပ်များကို ပုံမှန်အတိုင်း ဆက်လုပ်နေဖြစ်၏။

x x x x x

ရုံးပိတ်ရက်တစ်ရက် ကျွန်တော်နေအိမ်၌ရှိနေစဉ်အိမ်ရှေ့သို့ အိမ်ထောင်ပြောင်းပစ္စည်းများတင်ဆောင်လျက် စစ်ကားကြီးတစ်စီးထိုးဆိုက်လာပြီး ကားပေါ်မှ ဒုတပ်ရင်းမှူး အထုပ်တစ်ထုပ်နှင့် ဆင်းလာ၏။ ကျွန်တော့်အား နာမည်အော်ခေါ်ပြီး၊ 'ပြောင်းပြီဟေ့ ညီလေး' ဟု ဝမ်းသာအားရဆိုရင်း 'ရော့ဒါ မင်းအတွက်လက်ဆောင်' ဟုဆိုကာ အထုပ်ကြီးကိုထိုးပေး၏။ ကျွန်တော် ဒုတပ်ရင်းမှူးကို နေရာထိုင်ခင်းပေးပြီး အပြောင်းအရွှေ့ကိစ္စမေးဖြစ်၏။ 'ရပ်စောက်ကွ။ မင်းဗေဒင်ဆရာမကြီးက မှန်တယ်ဟ။ အခု ငါ့မွေးလပဲလေ' ဟု ဆိုသဖြင့် သြော် တိုက်ဆိုင်လိုက်တာဟု ကျွန်တော်တွေးမိ၏။

x x x x x

ကျွန်တော် မန္တလေး၌ တာဝန်ထမ်းဆောင်စဉ် GSM တယ်လီဖုန်းများ ဌာနဆိုင်ရာများသို့ ချထားပေးခြင်းနှင့် ကြုံရ၏။ ကျွန်တော့်တပ်တွင် အရာရှိ ၅ ယောက်ရှိပြီးတစ်ပြိုင်နက်တည်း ဖုန်းလျှောက်လွှာတင်ခဲ့ကြ၏။ကျွန်တော့်အထက် အရာရှိ ၂ ယောက်မှာ ဖုန်းရရှိခဲ့ကြပြီး ကျွန်တော်အပါအဝင် အရာရှိ ၃ ဦးမှာ မရရှိကြသေး။ ကျွန်တော့်အောက် ဂျူနီယာ ၂ ယောက်မှာလည်း တပ်တွင်မရှိ။ ယာယီတာဝန်သွားနေသဖြင့် သူတို့ကိုယ်စား ကျွန်တော်ကပင် တာဝန်ခံ၍ ထပ်မံလျှောက်လွှာတင်ခဲ့၏။ ရက်များမကြာမီ ကျွန်တော်မှလွဲ၍ ဂျူနီယာ ၂ ယောက်ဖုန်းကျ၏။ ပြင်ပတွင် ဖုန်းဈေးကလည်းကောင်းနေပေရာ ကျွန်တော်တော်တော်စိတ်ပျက်သွား၏။ ဖုန်းရှင်ကံရှင်များကိုလည်း အားကျမိ၏။ ကိုယ်စားလျှောက်ပေးခဲ့တဲ့ နှစ်ယောက်ကဖုန်းကျပြီး ကာယကံရှင်မိမိဖုန်းမရသဖြင့် မိမိကံကြမ္မာကိုပင်အပြစ်တင်ရမလိုဖြစ်နေ၏။ ဤသို့ဖြင့် တစ်နေ့၌ ကျွန်တော့်အား ဗေဒင်ဟောခန်းသို့ ကနဦးခေါ်ခဲ့သူ သူငယ်ချင်းက ဗေဒင်မေးရန်အဖော်ခေါ်သဖြင့် မေးနေကျဆရာမကြီးထံ ရောက်ခဲ့ရပြန်၏။ ဒီတစ်ခါတော့သူငယ်ချင်းက ကျွန်တော့်အား ဗေဒင်မေးရန်တိုက်တွန်းစရာ မလိုတော့၊ ညံ့လှပြီဟု မိမိထင်သောကံကြမ္မာအတွက်မေးဖြစ်ခဲ့၏။ ဆရာမကြီးထံ နှစ်ခေါက်ရောက်ထားပြီး မျက်မှန်းတန်းမိနေ၍ ဆရာမကြီးက ကျွန်တော့်အား အပြုံးနှင့်နှုတ်ဆက်၏။ 'ကဲ ဆရာမကြီး

စာမျက်နှာ ၁၅ သို့ -

# စက်ရုံ အလုပ်ရုံများနှင့် ကျန်းမာရေးအန္တရာယ်အကြောင်းသိကောင်းစရာ
# (Factory, Industry and Occupational hazards)

စက်ရုံ၊ အလုပ်ရုံနှင့် ကျန်းမာရေး အန္တရာယ်အကြောင်းသိကောင်းစရာဆို တဲ့ ဒီဆောင်းပါးလေးကို ကျွန်မဖော် ပြရခြင်းမှာ ကျွန်မတို့စက်ရုံ၊ အလုပ်ရုံမှာ ရှိတဲ့ဝန်ထမ်းများအတွက် အသိပညာဗဟု သုတ (knowledge) အနေနဲ့သာမက မိမိ တို့ရဲ့လုပ်ငန်းခွင်မှာရှိတဲ့ ကျန်းမာရေး အန္တရာယ်ကိုကာကွယ်နိုင်ဖို့ပါ ရည်ရွယ် ခြင်းဖြစ်ပါတယ်။

ကျွန်မ 'လုပ်ငန်းခွင်ကျန်းမာရေးသင် တန်း' ကို ၂၅. ၁၁. ၁၃ မှ ၆. ၁၂. ၁၃ နေ့ထိ ရက်တိုသင်တန်းလေးတက်ရောက် ခွင့်ရခဲ့ပါတယ်။ ကျွန်မတို့လုပ်ငန်းခွင်ကျန်း မာရေးသင်တန်းကို ကျန်းမာရေးဦးစီးဌာန နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (World Health Organization -WHO) တို့ပူး ပေါင်းပြီး သင်တန်းပို့ချပေးခြင်းဖြစ်ပါ တယ်။ သင်တန်းတွင်စက်ရုံ၊ အလုပ်ရုံမှ ဝန်ထမ်း၊ လုပ်သားများရဲ့ကျန်းမာရေး အန္တရာယ်ဟာ ပြင်ပဝန်ထမ်းများရဲ့ကျန်း မာရေးအန္တရာယ်နဲ့ ကွဲပြားတဲ့အပိုင်းလေး တွေကို သင်ကြားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မနားလည်သိရှိခဲ့သလို စာဖတ်သူများ ကျန်းမာရေးအသိတွေတိုးပွားဖို့ တင်ပြ လိုက်ပါတယ်ရှင်။

အလုပ်လုပ်သည့်အခါ လုပ်ငန်းခွင် ပတ်ဝန်းကျင်နှင့် ထိတွေ့ခြင်းကြောင့် အလုပ်သမားများ၏ ပကတိကောင်းမွန် နေသော ကျန်းမာရေးအခြေအနေကို မလိုအပ်ဘဲ ထိခိုက်ပျက်စီးစေသော အကျိုးသက်ရောက်မှုကို 'လုပ်ငန်းခွင် ကျန်းမာရေးထိခိုက်မှုအန္တရာယ်' လို့ဆို ပါတယ်။

လုပ်ငန်းခွင်မှာ သာမန်ထက်အပူ၊ အအေးလွန်ကဲနေတဲ့အခါ အလင်းရောင် အနည်း၊ အများပုံမမှန်တဲ့အခါ၊ ဆူညံသံ တွေ တုန်ခါမှုတွေပြင်းထန်တဲ့အခါ၊ ဓာတ် ရောင်ခြည်ထုတ်လွှင့်မှုတွေများတဲ့အခါ၊ ဓာ တုပစ္စည်းတွေနဲ့ ထိတွေ့ရတဲ့အခါ၊ စက် ပစ္စည်းတွေကိုကိုင်တွယ်ရတဲ့အခါမှာ၊ အ လုပ်သမားတွေရဲ့ စိတ်နှင့်လူမှုရေးကို ထိ ခိုက်စေနိုင်တဲ့ အန္တရာယ်တွေဖြစ်ပါတယ်။ အအေးဓာတ်လွန်ကဲတဲ့အလုပ်ရုံတွေမှာ၊ အသား၊ ငါး၊ ပုစွန်ပြင်ဆင်ထုတ်ပိုးတဲ့ အအေးခန်းတွေ၊ သိုလှောင်ခန်းတွေမှာ ရေငုပ်သမားတွေ၊ မီးသတ်သမားတွေ၊ လမ်းများကို ဖောက်လုပ်ပြုပြင်ထိန်းသိမ်း တဲ့လုပ်ငန်းခွင်တွေမှာ အအေးလွန်ကဲမှု



## မြသူဇာ (သူနာပြု)

ကြောင့် တဖြည်းဖြည်းထိုင်းမှိုင်းလာမယ်၊ စကားပြောလေးလံလာမယ်၊ အားနည်း လာခြင်းတွေ ဖြစ်ပေါ်တတ်ပါတယ်။

လူ့ခန္ဓာကိုယ်ရဲ့အပူချိန် (Body Temperature) ဟာ 35ºC အောက်လျော့လာ လို့ ခန္ဓာကိုယ်အနေအထားမှန်အောင် မချိန်ဆနိုင်ခြင်း၊ ထင်ယောင်ထင်မှားမြင် ခြင်းတွေ ဖြစ်ပေါ်တတ်ပါတယ်။ တကယ် လို့ ခန္ဓာကိုယ်ရဲ့အပူချိန် (Body Temperature) ဟာ 30ºC အောက်သို့ကျဆင်း လာပါက သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်ခြင်း (Conscious & Unconscious)၊ အတွေးအာရုံရှုပ်ထွေးခြင်း (Confusion)၊ နှလုံးကြွက်သားတုန်ခါမှုများပြားလာခြင်း (Abnormal Heart rate)၊ ခြေလက်များ အေးခဲလာ၊ ညိုမဲကြေပြတ်လာခြင်း (Pallor)၊ သွေးကြောများပိတ်ဆို့ရောင်ရမ်းခြင်း (Blood block and inflammation)၊ သေ ဆုံးခြင်း (Death) တို့ ဖြစ်ပေါ်စေတတ်ပါ တယ်။

ဒီလို အအေးလွန်ကဲမှုကိုမဖြစ်အောင် မိုးဒဏ်၊ လေဒဏ်ခံနိုင်ရန် အထူးတီထွင် ထားတဲ့ဝတ်စုံများကိုဝတ်ဆင်ပြီး အလုပ် လုပ်သင့်ပါတယ်။ စည်းထုတ်နေတဲ့ အဝတ်အစားများဝတ်ခြင်းကို ရှောင်ကြဉ် သင့်ပါတယ်။ မရွှေ့မပြောင်းအလုပ်လုပ် နေရသူတွေကတော့ ခြောက်သွေ့ပြီးလေ တိုးအကာအကွယ် အပူဓာတ်လွှတ်ထား တဲ့ ခိုလှုံစရာနေရာတွေကို အသုံးပြုပြီး အလုပ်လုပ်သင့်ပါတယ်။

အပူဓာတ်လွန်ကဲမှုအန္တရာယ်ရှိတဲ့ လုပ်ငန်းတွေကတော့ သတ္တုကျိုချက်လုပ် ငန်း၊ သံနှင့်သံမဏိလုပ်ငန်း၊ စက်ရုံများရှိ မီးသင်းဖိုကိုင်တွယ်လည်ပတ်သူများ၊ စိုက် ပျိုးမွေးမြူရေးလုပ်ငန်း၊ တောင်သူလယ် သမားများ၊ ငါးလုပ်ငန်းလုပ်သားများ၊ ဆောက်လုပ်ရေးလုပ်သား၊ အဝတ်လျှော် ဖွပ်မီးပူတိုက် အထည်လုပ်ငန်းများဖြစ်ပါ တယ်။

အဲဒီလုပ်ငန်းတွေမှာ အပူကြောင့်နွမ်း နယ်ခြင်း၊ ကြွက်တက်ခြင်း၊ မူးမေ့ခြင်းနှင့် အရေပြားဝေဒနာများ ဖြစ်ပေါ်တတ်ပါ တယ်။ ဒီလိုအပူလွန်ကဲမှုကို ဘယ်လိုကာ ကွယ်ရမလဲဆိုရင် ပူပြင်းသောရာသီ၊ အပူလွန်ကဲမှုရှိတဲ့အခြေအနေမှာ လုပ်ကိုင် ရပါက အတတ်နိုင်ဆုံးအဝတ်အထည်ကို လျော့ပြီးဝတ်ဆင်ပါ။ ချွေးစုပ်သောအ ရောင်နုချောင်ပွပွ အဝတ်အစားများကို ဝတ်ဆင်ပါ။

အပူလွန်ကဲသောနေရာမှာ အလုပ် လုပ်ရသောအလုပ်သမားများအတွက် နား ခိုရန်လုံလောက်သော အကာအကွယ်နှင့် အရိပ်ရသည့်အဆောက်အဦများ ဖန်တီး ထားရှိပေးပါ။ အလုပ်လုပ်ချိန်၊ နားချိန် အလှည့်ကျထားရှိပေးပါ။ နေ့ဘက်အလုပ် ချိန်လျှော့ချပြီး၊ ညဘက်တွင်အလုပ်တိုး မြှင့်လုပ်ကိုင်ပါစေ။ ဓာတ်ဆားရေတိုက်ပါ။ ဒီလိုဆောင်ရွက်ခြင်းဖြင့် အပူလွန်ကဲမှု အန္တရာယ်ကို ကာကွယ်နိုင်ပါတယ်ရှင်။

အလင်းရောင်နဲ့ပတ်သက်ပြီး ပြောရ ရင်တော့ အလုပ်သမားများအတွက် ကျန်း မာရေးနဲ့ညီညွတ်တဲ့ လုပ်ငန်းခွင်မှာ လုံ လောက်တဲ့အလင်းရောင် လိုအပ်ပါတယ်။ အလင်းရောင်များလွန်း၊ နည်းလွန်းခြင်းနှင့် အလင်းရောင်ပြန်ခြင်း၊ အလင်းရောင်ကို ကြာရှည်စွာ ထိတွေ့ရတဲ့အခါ မျက်စိနာ ခြင်း၊ ယားယံခြင်း၊ မျက်ရည်ယိုခြင်း၊ ခေါင်း ကိုက်ခြင်း၊ အမြင်အာရုံလျော့နည်းလာပြီး မျက်စိတိမ်စွဲခြင်းတွေ ဖြစ်ပေါ်စေတတ် ပါတယ်။

အထည်ချုပ်စက်ရုံ၊ စက်ပစ္စည်းတပ် ဆင်တဲ့နေရာ၊ ဂဟေဆက်တဲ့နေရာနှင့် အ ဆောက်အဦပြင်ပ အမိုးအကာမရှိနေရာ တွေမှာ အလုပ်လုပ်ရတဲ့လုပ်သားတွေဟာ နေအလင်းရောင်ကို တစ်နေ့ (၃-၄) နာရီ ထိတွေ့ပါက ညဘက်အမြင်အာရုံလျော့ နည်းမှုဝေဒနာ ခံစားရပါတယ်။ ပိုက်ဆက် တဲ့လုပ်ငန်းနေရာတွေမှာလည်း ဖြစ်တတ် ပါတယ်။ ဒီလိုအလင်းရောင်လွန်ကဲမှုတွေ ကို မျက်စိအကာအကွယ်ပစ္စည်းများ တပ် ဆင်ခြင်းဖြင့် ကာကွယ်နိုင်ပါတယ်။

ဆူညံသံတွေများတဲ့ စက်ရုံအလုပ်ရုံ တွေမှာ ကျန်းမာရေးအန္တရာယ်တွေက တော့ အကြားအာရုံချို့ယွင်းလာခြင်းနှင့် အခြားသက်ရောက်မှုတွေအဖြစ် ပျို့ခြင်း၊ နွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းတို့ဖြစ်ပေါ် တတ်ပါတယ်။

ဆူညံတဲ့နေရာတွေမှာ အလုပ်လုပ်ရ တဲ့အခါ နားကာ၊ နားအဆို့၊ နားကာပါဝင် သောဦးထုပ်ကို ဆောင်းသင့်ပါတယ်။ နား ကာ၊ နားအဆို့တို့ဟာ အရည်အသွေးပြည့် ဝကောင်းမွန်လျှင် ထိတွေ့နေရသောအသံ ၏ပြင်းအား 20-25 dB ကိုလျော့ချပေးပါ တယ်။ ပုံမှန်လုပ်သားတစ်ဦးဟာ တစ်နေ့ ၈ နာရီဆူညံသံနှင့် ထိတွေ့နေတယ်ဆိုရင် အသံ၏ပြင်းအား 85 dB လောက် မများ သင့်ပါဘူး။

တုန်ခါမှုတွေများတဲ့အလုပ်ကတော့ လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းအသုံး ပြုတဲ့အခါ၊ သတ္တုမိုင်းသုံးပစ္စည်းမောင်းနှင် တဲ့အခါ၊ စက်တပ်ယာဉ်ကြီးများမောင်းနှင် တဲ့အခါ၊ လေဖိအားသုံးလွန်တူးစက် မောင်းနှင်ပြီး လွန်တူးတဲ့အခါ၊ မော်တာ တပ်သစ်ဖြတ်လွှများဖြင့် သစ်ဖြတ်တဲ့အခါ တွေမှာ ဖြစ်ပါတယ်။

တုန်ခါမှုတွေ အများဆုံးဖြစ်တဲ့လုပ် ငန်းတွေကြောင့် ထိခိုက်နိုင်တဲ့ကျန်းမာရေး အန္တရာယ်တွေကတော့ လက်တွေထုံမယ်၊ ကျင်မယ်၊ အရောင်ပြောင်းလာမယ်၊ ညိုမဲ လာမယ်။ ဒီလိုဖြစ်လာရင် အမြန်ဆုံးဆရာ ဝန်ထံ ပြသသင့်ပါတယ်။

ဓာတုပစ္စည်းတွေနဲ့ ထိတွေ့တဲ့ အန္တရာယ်တွေကတော့ ဆာလောင်ခြင်း၊ ကင်ဆာအောက်ဖြစ်စေခြင်း၊ ယားယံခြင်း၊ အသက်ရှုကြပ်ခြင်း၊ ကင်ဆာရောဂါ၊ မျိုး ပွားအင်္ဂါထိခိုက်မှုတွေ၊ ခန္ဓာကိုယ်အဆိပ် အတောက်တွေ ဖြစ်ပေါ်စေတတ်ပါ တယ်။

ဓာတုပစ္စည်းများဟာ အခဲ၊ အရည်၊ အငွေ့ပုံသဏ္ဌာန် သုံးမျိုးဖြင့်တည်ရှိနိုင်ပါ တယ်။ ခန္ဓာကိုယ်အတွင်းသို့ နှာခေါင်း၊ ပါး စပ်၊ အရေပြား၊ မျက်စေ့တို့မှတစ်ဆင့် ဝင် ရောက်နိုင်ပါတယ်။ ဓာတုပစ္စည်းအခဲတွေ ကတော့ ခဲ၊ ပြဒါး၊ ဖော့စဖိတ်၊ သွပ်၊ ကတ် ဒမီယမ်၊ အာဆင်းနစ်၊ ခဲမဖြူတွေဖြစ်ပါ တယ်။ (အစိုင်အခဲ၊ အမှုန်၊ အရည်၊ အငွေ့ အဖြစ်လည်း တည်ရှိတတ်ပါတယ်) ခဲ၊

စာမျက်နှာ ၁၅ သို့ -

စာမျက်နှာ ၁၄ မှ -

ပြဒါး၊ ဖော့စဖိတ်၊ သွပ်၊ ကတ်ဒမီယမ်၊ အာဆင်းနစ်၊ ခဲမဖြူ အသုံးများသော စက်ရုံမှအလုပ်သမားများဟာ အဆိပ်တက်နိုင်ပါတယ်။ ဥပမာ - ခဲသုံးများသောစက်ရုံမှ အလုပ်သမားတွေဟာ ခဲဆိပ်တက်ပြီး သေဆုံးတတ်ပါတယ်။ ဒါ့ကြောင့် သွေးတို့၊ ဆီးတို့ကို တစ်လတစ်ခါ (သို့) ဆရာဝန်များနှင့်တိုင်ပင်ပြီး စစ်သင့်ပါတယ်။ စက်ရုံအဝတ်အစားကို စက်ရုံမှာပဲထားခဲ့ပြီး မိမိ၏အိမ်သို့လုံးဝပြန်မယူသင့်ပါဘူး။ မိမိ၏အလုပ်ခွင်မှ အကျႌတွင်ကပ်ပါလာသောအမှုန်စများသည် မိသားစုဝင်များကို အသက်ရှူလမ်းကြောင်းမှတစ်ဆင့်ဝင်ရောက် စေတတ်ခြင်းကြောင့် ဖြစ်သည်။ နေ့တိုင်းအမှုန်စများကို ရှူရှိုက်ပါများလျှင် မိမိ၏မိသားစုပါ ကျန်းမာရေးထိခိုက်စေနိုင်ပါတယ်။ ဒါ့ကြောင့် ဓာတုပစ္စည်းများနှင့်ထိတွေ့ရသော စက်ရုံအဝတ်အစားများကို သီးသန့်ထားပြီး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးကိုအလေးထားပါ။

ပျော်ရည်၊ ဖျော်ရည်များဟာ မီသိုင်းအယ် (လ်) ကိုဟော၊ ဆင်ဇင်း၊ အက်စီတုန်းတို့ဖြစ်ပြီး အငွေ့များဟာ ကာဗွန်မိုနောက်ဆိုဒ်၊ ဟိုက်ဒရိုဂျင်ဆာလဖိုဒ်၊ မီသိုင်းဘရိုမိုဒ်၊ အမိုးနီးယားတို့ဖြစ်ပါတယ်။

စက်ပစ္စည်းတွေနှင့်ထိတွေ့မှုများမှာတော့ မတော်တဆထိခိုက်မှုတွေ၊ မျက်စိထဲပြင်ပပစ္စည်းဝင်ရောက်မှုတွေ၊ ဒဏ်ရာရခြင်းတွေ၊ စက်နှင့်မိမိခန္ဓာကိုယ် အံဝင်ခွင်ကျမရှိသဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်း ဒဏ်ဖြစ်ခြင်းတွေ ဖြစ်တတ်ပါတယ်။

စက်ပစ္စည်းများကိုင်တွယ်တဲ့အခါ သတိရှိရပါမယ်။ မျက်စိအကာအကွယ်ပစ္စည်းတွေ တပ်ဆင်ရပါမယ်။ စက်ပစ္စည်းယာဉ်များ၊ လူနှင့်အံဝင်မှုရှိစေရန် အသုံးပြုရပါမယ်။ စက်ရုံအတွင်း ဇီဝဘေးအန္တရာယ်များအနေနဲ့ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ တိရစ္ဆာန်၊ တွားသွားသတ္တဝါတို့၏ အကိုက်ခံရခြင်းတွေ ဖြစ်တတ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းများ၊ ဓာတ်ခွဲခန်းဝန်ထမ်း၊ စိုက်ပျိုးရေးလုပ်သား၊ မွေးမြူရေး လုပ်သားတွေမှာ ဇီဝဆိုင်ရာဘေးအန္တရာယ် အခွင့်အလမ်းအများဆုံးဖြစ်တတ်ပါတယ်။ ဇီဝဘေးအန္တရာယ်များတွင် ကူးစက်ရောဂါရရှိမှု အန္တရာယ်အလွန်ကြီးပါတယ်။ ဥပမာ- အသည်းရောင်အသားဝါဘီ၊ စီ၊ HIV၊ AIDS၊ မေးခိုင်၊ ကြက်ငှက်တုပ်ကွေးတို့ ဖြစ်ပါတယ်။

'အာရောဂျံ ပရမံလာဘံ' ကျန်းမာခြင်းသည် လာဘ်တစ်ပါးလို့ ကျွန်မတို့ ရှင်တော်မြတ်ဘုရားက မိန့်ဆိုခဲ့ပါတယ်။ ကျန်းမာမှအလုပ်လုပ်နိုင်မယ်။ အလုပ်လုပ်မှ ဝင်ငွေရမယ်။ ဝင်ငွေရမှ ကိုယ့်ရဲ့လူမှုရေး၊ အလှူအတန်း၊ ရည်မှန်းချက်တွေ အောင်မြင်မှာပါ။ နိုင်ငံနဲ့ချီပြီးပြောရရင်တော့ ကျွန်မတို့အလုပ်ရုံမှ ဝန်ထမ်းတွေ၊ လုပ်သားတွေ ကျန်းမာရေးကောင်းပြီး အလုပ်လုပ်နိုင်မှ ကုန်ထုတ်စွမ်းအားတွေမြင့်မယ်။ ကုန်ထုတ်လုပ်မှုတွေမြင့်မားရင် ကျွန်မတို့နိုင်ငံကြီးလည်း ဝင့်ကြွားဂုဏ်ယူနိုင်မှာ မဟုတ်ပါလားရှင်။

ဒါ့ကြောင့်မို့ မိမိကိုယ်ကိုကျန်းမာရေး စောင့်ရှောက်ခြင်းဟာ နိုင်ငံကိုအကျိုးပြုနိုင်သလို မိမိဘဝကိုလည်း ပျော်ရွှင်စေပါတယ်။ လူသားတိုင်းစည်း ကမ်းတကျ ကျန်းမာရေးနည်းလမ်းကောင်းတွေကို လိုက်နာပြီး အောင်မြင်တဲ့ဘဝကို တက်လှမ်းနိုင်ကြပါစေ လို့ ဆန္ဒပြုရင်း. . . . .။

လုပ်ငန်းခွင်ကျန်းမာရေးမှ ဆရာ/ဆရာမများ၊ စက်ရုံ/အလုပ်ရုံမှ ဝန်ထမ်းများအား အစဉ်လေးစားလျက်. . . .။

မှတ်ချက် ။ လုပ်ငန်းခွင်ကျန်းမာရေးသင်တန်းမှ ပို့ချချက်များအား ကိုးကား၍ပြန်လည်ဖော်ပြရခြင်း ဖြစ်ပါသည်။



စာမျက်နှာ ၁၃ မှ -

ကျွန်တော့်လည်း နည်းနည်းစစ်ပေးပါဦး' ဟု ကျွန်တော်ကပင်စတင်လိုက်၏။ 'ကောင်းပါတယ်၊ အညှော်မရှိပါဘူး၊ ဒါပေမဲ့ မိသားစုအကြီးအကဲထဲကတော့ ကျန်းမာရေးဂရုစိုက်ရလိမ့်မယ်၊ ဒီနှစ်မကုန်ခင် တန်ဖိုးကြီးတဲ့စက်ပစ္စည်းဝင်လိမ့်မယ်။ ရှင်ကသိပ်အယုံအကြည်မရှိတော့ ကိုသန်းထွန်းရှေ့မှာ ကျွန်မလက်မှတ်ထိုးဟောလိုက်မယ်' ဟု သူငယ်ချင်းကိုတိုင်တည်ဟောနေသဖြင့် အားနာစွာနှုတ်ဆက်ပြီး ပြန်လာခဲ့၏။ စိတ်ထဲတွင်တော့ ဖုန်းကိုမျှော်လင့်ရင်း မိသားစုကျန်းမာရေးကိစ္စလွဲပြီး ဖုန်းကိစ္စဟောချက်မှန်ပါစေဟု ဆုတောင်းနေမိ၏။

ကျွန်တော် ဆုတောင်းပဲမှားသလား၊ ဗေဒင်အဟောကပဲမှန်သည်လား မပြောတတ်တော့ပါ။ ထိုနှစ်ကုန် ဒီဇင်ဘာလဆန်း၌ အသက် ၈၄ နှစ်အရွယ် ကျွန်တော့်ဖခင်ကြီးကွယ်လွန်ပါလေ၏။ ရန်ကုန်၌ ဖခင်နာရေးကိစ္စဆောင်ရွက်ပြီး၍ ကျွန်တော်မန္တလေးပြန်ရောက်ပြီးရက်များမကြာမီ ကျွန်တော်ဖုန်းလျှောက်လွှာကျလာပါတော့၏။ ဩော် ဝမ်းပဲသာရမလား၊ ဝမ်းပဲနည်းရမလား။ အကောင်းနှင့်အဆိုး ဟောချက်ကမှန်လှပါတကားဟု ကျွန်တော် မှတ်ချက်ပြုရပါလေ၏။

x x xxx

ကျွန်တော်မန္တလေးတွင် ရှစ်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး ဆရာမကြီးထံ နောက်ဆုံးတစ်ခေါက်ရောက်ဖြစ်ခဲ့သေး၏။ ထိုစဉ်က ကြာသပတေးနံပါတဲ့ အရပ်ဒေသပြောင်းရမယ်ဟု ဟောချက်ထွက်သဖြင့် မိမိလုပ်ငန်းနှင့်ဆက်စပ်ရာ ကြာသပတေးနံအရပ်ဒေသများကို စဉ်းစားမိ၏။ မော်လမြိုင်၊ ပုသိမ်၊ မြစ်ကြီးနား၊ မုံရွာ၊ မှော်ဘီတို့တွင်သာ မိမိလုပ်ငန်းနှင့် သက်ဆိုင်သောဌာနများရှိသဖြင့် ထိုအထဲမှ တစ်မြို့မြို့ပဲဖြစ်မှာဟု တွေးထင်ထားလိုက်၏။ မှားပါလေ၏။ ထိုမြို့များ တစ်ခုမှမဟုတ်သဖြင့် ဗေဒင်အဟောမှားခြေပြီဟု မထင်လိုက်ပါနှင့်။ ကြာသပတေးနံနှင့်စသောမြို့၊ ပျဉ်းမနားဖြစ်နေသည်။ မဖြစ်နိုင်။ မမှန်းထားသောဒေသ။ ကျွန်တော် ယခုထိုမြို့၌တာဝန်ထမ်းဆောင်လျှက်ရှိနေပါ၏။ ကဲ ဘယ့်နှယ်ရှိစ။ ဗေဒင်ကိုမယုံသော ကျွန်တော်၊ တိုက်ဆိုင်လွန်းတာတော့ မဖြစ်နိုင်။ ဒီတော့ ကဲမယုံချင်နေဟုသာ ဆိုလိုက်ချင်ပါတော့သည်။ စာရှုသူမိတ်ဆွေများစိတ်ဝင်စားပါက အဆိုပါဆရာမကြီး၏ ဟောခန်းလိပ်စာအား အယ်ဒီတာထံ ဆက်သွယ်တောင်းယူနိုင်ပါကြောင်း။

**ကျော်သီဟ**

The Golden Industrial Journal

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၇၄၅

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

# ကျွန်တော်နှင့် စာဖတ်ဝါသနာ



**မင်းညတာရာ**

ကျွန်တော့်ဘဝထဲကို စာအုပ်တွေဝင်မလာသေးသည့်အချိန်တုန်းက တစ်နေ့နေ့မှာ ကျွန်တော်စာအုပ်တွေ အများကြီးဖတ်ရလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပါ။ ရုပ်ရှင်ရုံများ၊ ကစားစရာနေရာများမှာ ကလေးပီပီကျင်လည်ကျက်စားရင်း စာအုပ်တွေနှင့်အလှမ်းဝေးနေခဲ့သည်။

ခုနစ်တန်းအရွယ်ရောက်မှ ရွှေသွေးစာစောင်တွေ၊ ကာတွန်းစာအုပ်တွေ ဖတ်တတ်စပြုသည်ဆိုတော့ ကျွန်တော်စာဖတ်တာနောက်ကျခဲ့သည်ဟု မကြာမကြာတွေးမိသည်။ တချို့စာရေးဆရာများသည် ကလေးဘဝ လေးတန်းကျောင်းသားအရွယ်ကတည်းက ဝတ္ထုတွေဖတ်နေပြီဆိုတာကို သိရတော့ အားကျမိခဲ့သည်။ ဟုတ်ပါလိမ့်မည်။ တစ်ခန်းတည်းအတူနေ ကျွန်တော့်သူငယ်ချင်းဆိုရင်လည်း သူငယ်ငယ်ကတည်းက စာအုပ်တွေဖတ်တတ်နေပြီဟုဆိုသည်။ ဖတ်တတ်နေမှာပေါ့။ သူ့အိမ်ကစာအုပ်ဆိုင်ဖွင့်ထားခဲ့သည်ကိုး။

ကျွန်တော်ကာတွန်းတွေဖတ်တတ်စအချိန်က သူကဝတ္ထုတော်တော်များများကိုဖတ်ဖူးနေပြီ။ ဂျူးဝတ္ထုတွေက သူ့အကြိုက်အစွဲလမ်းဆုံးဖြစ်စေသလို မြသန်းတင့်၏ဘာသာပြန်စာအုပ်တွေကိုလည်း ဖတ်စပြုပြီ။ ကျွန်တော်က တက္ကသိုလ်ဘုန်းနိုင်ကိုမသိ။ ဇော်ဂျီကိုမကြားဖူး။ ကြည်အေးကိုယောကျ်ားစာရေးဆရာဟု ထင်နေသည်။ ရှစ်တန်းကျောင်းသားအရွယ်ရောက်တော့ ဂျူး၏မြရဲ့လနဲ့ ရေမျောသီးစာအုပ်ပါးပါးလေးကိုပေးဖတ်ရာ ဘာတွေရေးထားမှန်းမသိဘူးဟု နားမလည်နိုင်ဖြစ်ခဲ့သည်။

သို့သော် ကာတွန်းတွေ၊ ရုပ်ပြတွေဖတ်နေသည့်ကျွန်တော်သည် စာဖတ်ခြင်းကို အားမလျှော့ပါ။ ထပ်တိုး၍သာ ဖတ်မိတော့သည်။ စာအုပ်တွေဖတ်ဖို့ မည်သူကမျှလမ်းမညွှန်ခဲ့ပါ။ ဆရာမဂျူးက သူ့ပထမတန်းအရွယ်မှာ သူ့အမေက နန္ဒရဲ့မာလာဝတ္ထုကြီးကိုပေးဖတ်စေပြီး တစ်စတစ်စစာအုပ်တွေ ဖတ်တတ်လာခြင်းဖြစ်သည်ဟုမကြာခဏရေးပြထားတာ ဖတ်မိတော့ ကျွန်တော်သည် ကြည်နူးစိတ်ဖြင့် ဆရာမအမေကို တွေ့ချင်လာမိသည်။

ကျွန်တော့်ကိုတော့ မည်သူကမျှစာဖတ်ဝါသနာပါအောင် နှိုးဆွမပေးခဲ့ပါ။ ငယ်ငယ်တုန်းကတော့ အဖေရန်ကုန်ကိုသွားသည့်အခါတိုင်း မောင်နှမတွေက ရန်ကုန်က ပက် (စ်) စီကိုလာ၊ လိမ္မော်ရည်အချိုဘူးတွေမှာတတ်သော်လည်း ကျွန်တော်ကတော့ ရုပ်ရှင်ဝါသနာစိတ်နဲ့ ရုပ်ရှင်ဂျာနယ်တွေသာ မှာလေ့ရှိသည်။ အဖေ အိမ်ပြန်ရောက်လာသည့်အခါ အဖေ့လွယ်အိတ်ထဲက ဂျာနယ်ဟောင်းတွေသာ မရမကရှာဖွေရင်း အချိုရည်သောက်ဖို့ပင် သတိမရတတ်။ ဂျာနယ်စာစောင်တွေပါလာရင် ကျေနပ်ပျော်ရွှင်ကာ တစ်နေ့လုံးဂျာနယ်တွေသာ ထိုင်ဖတ်နေမိတတ်သည်။ ကျွန်တော်ဖတ်တာက ရုပ်ရှင်အကြောင်းတွေသာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒါကလည်းစာဖတ် ဝါသနာပျိုးထောင်မှုတစ်ခုပေပဲလားဟု အခုနေအခါမှာ ကျွန်တော်တွေးတောနေမိသည်။ ထိုမှတစ်ဆင့် ကျွန်တော်သည် ကာတွန်းစာအုပ်တွေကို ဖတ်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်ဦးလေးတစ်ယောက်က ရွှေသွေးစာစောင်တွေ မကြာခဏဝယ်လာသည့်အခါတိုင်း ကျွန်တော်သည် ထိုစာစောင်ကို ဆွဲဖတ်မိသည်။ ထို့နောက် ဦးလေး တစ်ခါတစ်ရံသွားနေကျ စာအုပ်ဆိုင်ကို ကိုယ်တိုင်တစ်ယောက်တည်း မဝံ့မရဲသွားရောက်ကာ စာအုပ်တွေငှားဖတ်ဖြစ်သည်။ ထိုစာအုပ်ဆိုင်သွားဖို့ ကျွန်တော့်ကို မည်သူကမျှမတိုက်တွန်းခဲ့။ စာအုပ်ဆိုင်မှာရှိသည့် စာအုပ်တွေထဲက ဘယ်စာအုပ်ဖတ်ပါဟုလည်း မည်သူကမျှလမ်းမညွှန်ခဲ့ပါ။

ကျွန်တော့်ဘာသာ ကျွန်တော့်အတွေးနဲ့ ရွေးချယ်ဖတ်ရှုပြီး စာအုပ်တွေကိုချစ်တတ်လာအောင် ကိုယ့်ကိုယ်ကိုယ်ပျိုးထောင်မိမှန်းမသိ ပြုစုပျိုးထောင်လာခဲ့သည်။ အခု ကျွန်တော်သည် စာအုပ်တွေနဲ့အဝေးမှာနေ၍ မရတော့ပါ။ စာအုပ်တွေက ကျွန်တော့်ဆီမရောက်လာနိုင်လျှင် ကျွန်တော်က စာအုပ်တွေဆီရောက်အောင်သွားသည်။

အင်္ဂလိပ်စာသင်ပေးခဲ့ဖူးသော ဆရာတော်တစ်ပါးက 'ဦးဇင်းတို့ကတော့ အားကစားဆိုရင် အားမှုကစားတယ်' ဟု ကျီစယ်တော်မူပြီး စာဖတ်တာပဲဝါသနာပါကြောင်း ဆိုဖူးသည်။ ကျွန်တော်ကတော့ အားရင်တောင်မကစားဘဲ စာပဲဖတ်ချင်နေမိတော့သည်။

ကျွန်တော်စာဖတ်ရတာကို အလွန်နှစ်သက်ပါသည်။ အထူးသဖြင့် ရသစာပေကိုစိတ်ဝင်စားသည်။ ရသစာပေကပေးသည့် ရသခံစားမှု ၉ ပါးစလုံးကို ကျွန်တော်နှစ်ခြိုက်ခံစားချင်မိသည်။ စာဖတ်ခြင်းဟာ ကျွန်တော့်အတွက်တော့ စိတ်ကူးဖြင့် တစ်နေရာမှတစ်နေရာဆီသို့ ဆက်သွယ်ရောက်ရှိနိုင်သော ဆန်းကြယ်သောကမ္ဘာတစ်ခုဖြစ်သည်။

စာဖတ်ခြင်းကို ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့်အလုပ်တစ်ခုဟု ထင်မြင်ကြသည့်သူတွေလည်းရှိသေးသည်။ ဘာစာတွေဖတ်နေတာလဲ၊ စာဖတ်နေတာ မပျင်းဘူးလား၊ ကျွန်တော်ကတော့ စာဖတ်ရမှာပျင်းတယ်၊ ကျွန်မကတော့ စာမဖတ်ချင်ပါဘူး၊ အလုပ်ရှုပ်လို့စသည်ဖြင့် စာဖတ်ရမှာပျင်းသည့်သူတွေ၊ စာဖတ်ခြင်းကို ဆန့်ကျင်ကြတဲ့သူတွေ တော်တော်များများတွေ့ဖူးပါသည်။ လူဆိုသည်မှာ ကိုယ့်ဝါသနာနဲ့ကိုယ်ဆိုတော့ ကျွန်တော်လည်း စာဖတ်ပါဟုမတိုက်တွန်းသာပါ။

သည်တော့ ကျွန်တော်စဉ်းစားမိတာတစ်ခုက စာဖတ်ဝါသနာကို ပြုစုပျိုးထောင်၍ရရဲ့လား။ အသွေးအသားထဲက စာဖတ်ဝါသနာကို မတောင့်တမိပါဘဲ စာဖတ်၍ရောရရဲ့လား။ စာဖတ်ဝါသနာဆိုသည်မှာ အခြားသောဝါသနာများနည်းတူ နဂိုဗီဇမွေးရာပါ စိတ်တစ်ခုမဟုတ်ဘူးလား။

စာရေးဆရာတော်တော်များများကတော့ စာဖတ်ပါ၊ စာဖတ်ပါဟု တစာစာတိုက်တွန်းကြသည်။ ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်ကို စာဖတ်ဝါသနာပါသည့်သူက အကြိမ်ကြိမ်ပြန်ဖတ်ပြီး စွဲလမ်းနှစ်ခြိုက်ကာ ပါးစပ်ကတသသ ပြောဆိုနေပေမဲ့ စာဖတ်ဝါသနာမပါသည့်သူ တစ်ယောက်အတွက်တော့ မည်သို့မျှအရာမထင်ချေ။ နိုင်ငံကျော် စာရေးဆရာကြီးတွေရဲ့နာမည်ကို မကြားဖူးသည့်သူတွေ တော်တော်များများရှိတတ်ကြပါသည်။ စာဖတ်ဝါသနာပါသည့်သူတစ်ယောက်က ကွယ်လွန်သွားသည့် စာရေးဆရာကြီးကို လေးစားအားကျကာ အတုယူစံထားပြီး ဦးထိပ်မှာပန်ဆင်ထားသော်လည်း စာဖတ်ဝါသနာမပါသူတစ်ယောက်ကတော့ ထိုစာရေးဆရာကို ရှိခဲ့ဖူးသလားဟု ယောင်၍မျှပင်တွေးမိဖူးလိမ့်မည်မဟုတ်ပါ။ သည်တော့ စာဖတ်ပါဟုဆိုသည့် တိုက်တွန်းချက်သည် စာဖတ်ဝါသနာပါသူအပေါ်တွင်သာ သက်ရောက်မှုရှိနိုင်ပြီး စာမဖတ်သည့်သူအတွက်တော့ နားတစ်ဘက်ကဝင်ပြီး တစ်ဘက်က ထွက်သွားလေမည်။

စာဖတ်ခြင်းသည် လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲမှာ မွေးရာပါလှည့်ပတ်စီးဆင်းနေသည့် သွေးသားအရင်းအမြစ်တစ်ခုသာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

စာမဖတ်သူ ပပျောက်ရေးဆိုကာ အနယ်နယ်အရပ်ရပ်မှာ စာကြည့်တိုက်တွေဖွင့်ကြသည်။ သို့သော် စာကြည့်တိုက်ကိုရောက်လာပြီး စာအုပ်ငှားသည့်သူ၊ စာဖတ်သည့်သူ ဘယ်နှစ်ယောက်ရှိသလဲ။ ဘာစာအုပ်တွေ ငှားဖတ်နေကြတာလဲ။ လူတစ်ယောက်က ဘယ်လောက်များများ စာဖတ်သလဲ။ ကျွန်တော်သိသည်မှာ အမြဲတမ်းပိတ်ထားသော စာကြည့်တိုက်တံခါးများပင်ဖြစ်သည်။ စာကြည့်တိုက်ဆိုင်းဘုတ်ထောင်ထားသည့် နေရာလေးက အမြဲတမ်းတိတ်ဆိတ်လျက်။ လူရိပ်လူယောင်မျှပင် မတွေ့ရ။ ကျွန်တော်တို့ရပ်ကွက်ထဲက စာကြည့်တိုက်ဆိုရင် သူ့နေရာပတ်ဝန်းကျင်တစ်ဝိုက်တွင် မြက်တောတွေပင်ထနေပြီ။

စာဆိုသည်မှာ ဝါသနာပါမှဖတ်ကြမှတ်ကြသည်ဟု ကျွန်တော်ထင်ပါသည်။ ပညာရပ်နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်ကြသည့်သူတိုင်းပင် ရသစာပေဖတ်ဖို့ နဂိုဝါသနာမပါဘဲ စိတ်ဝင်စားကြလိမ့်မည်မဟုတ်ပေ။ စာဖတ်ဝါသနာကြီးသည့်သူတိုင်းကတော့ မည်မျှပင်အခက်အခဲတွေ့ကြုံနေပါစေ၊ အခက်အခဲကြားကပင် တစ်ကြောင်းစနှစ်ကြောင်းစ ရတတ်သလောက် ဖတ်ကြမှတ်ကြပေလိမ့်မည်။

စာဖတ်ဝါသနာကို ပြုစုပျိုးထောင်ရမည်ဆိုလျှင်လည်း ငယ်ရွယ်စဉ်ဘဝက




တည်းကပင် ပုံပြင်များ၊ ကာတွန်းများပြောပြဖတ်ပြစေခြင်းဖြင့် စာနဲ့အနေနီးစပ်အောင် ဖန်တီးပေးမည်ဆိုလျှင် ဖြစ်နိုင်ပါရဲ့လား။ ကျွန်တော်တို့ကြိုးစားကြည့်ဖို့ လိုလိမ့်မည်။ အဲသည့်ကလေးနဲ့ဆက်စပ်ပတ်သက်နေသည့် မိဘတွေသာမက ပတ်ဝန်းကျင်ကလည်း အထောက်အကူပေးနိုင်လျှင် ပိုပြီးကောင်းပါသည်။

စာဖတ်ခြင်း၏အကျိုးကျေးဇူးက ဘာတွေလဲဆိုတာထက် စာဖတ်ခြင်းဖြင့် ကိုယ်ချင်းစာနာစိတ်ရှိလာပြီး တစ်ကိုယ်ကောင်းဆန်သည့်စိတ်ဓာတ်များ ကင်းဝေးစေချင်၍ ဖတ်ဖြစ်အောင်ဖတ်ပါဟု သာဆိုချင်ပါသည်။

ဆောင်းပါး

# ပိုချစ်တတ်တဲ့သူ

ဆန်းထက်လွင်



'ကို ဘာစာအုပ်တွေ ဖတ်နေပြန်တာလဲ'

'လာ ဖြူလဲ့ထိုင်။ ရစ်ချတ်ဟာစ် (Richard Hass) ရဲ့ Essay ကို ဆရာကျော်ဝင်းဘာသာပြန်ထားတဲ့ သဘောကွဲလွဲမှုအနုပညာဆိုတာလေး ဖတ်နေတာ'

ဖြူလဲ့နှင့်လဲ့လဲ့က စားပွဲတွင်ဝင်ထိုင်ရင်း စားပွဲထိုးလေးကို ကော်ဖီနှင့်မုန့် လှမ်းမှာနေသည်။ ပြီးမှ ဖြူလဲ့က စကားစသည်။

'လဲ့လဲ့ရေ နင့်အစ်ကိုနိုင်ငံရေးစာအုပ်တွေဖတ်လို့ အလုပ်ထွက်ပြီး နိုင်ငံရေးလုပ်တော့မယ်ထင်တယ်'

'ဟုတ်လား အစ်ကို၊ ဘယ်လိုလဲ။ ရွေးကောက်ပွဲဝင်ပြီး သမ္မတကြီးလုပ်တော့မယ်ပေါ့'

'သမ္မတကြီးတော့ ဖြစ်ချင်တာပေါ့ ညီမလေးရယ်။ ဒါပေမဲ့ ကိုယ့်အရည်အချင်းနဲ့က မဖြစ်နိုင်ပါဘူး။ သာမန်လူတစ်ယောက်အနေနဲ့လည်း နိုင်ငံရေးနဲ့ပတ်သက်တာတွေ သိထားသင့်တယ်ထင်လို့ ရှာဖွေဖတ်နေတာပါ'

'ကဲ ဒါဆိုပြောစမ်းပါဦး ဆရာကြီးရဲ့။ နိုင်ငံရေးသမားဆိုတာဘာလဲ'

'နိုင်ငံရေးသမားဆိုတာ နိုင်ငံရေးလုပ်တဲ့သူကိုပြောတာပေါ့'

'ဟင် ဒါတော့ သူပြောမှလား'

'ဒါပေမဲ့ နိုင်ငံရေးလုပ်တဲ့သူတိုင်း နိုင်ငံရေးသမားမဟုတ်ဘူး ဖြူလဲ့ရဲ့'

'ဟာ သူပြောမှ ပိုရှုပ်သွားပြီ'

ကျွန်တော်နှင့်ဖြူလဲ့ အပြန်အလှန်ပြောနေတာတွေကိုနားထောင်ပြီး လဲ့လဲ့တစ်ယောက် တခွိခွိနှင့်အရယ်မရပ်တော့။

'မသိရင်လည်း မသိဘူးမပြောဘူး။ ဘာ ဆရာကြီးလဲ'

'လာမယ်လေဖြူလဲ့ရဲ့။ ကိုယ်ပြောချင်တာက နိုင်ငံ့အရေး၊ လူမျိုးအရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ကို ကိုယ့်အကျိုးစီးပွားထက် ဦးစားပေးလုပ်တဲ့သူတွေကို နိုင်ငံရေးသမားလို့ပြောချင်တာပါ။ နိုင်ငံရေးလုပ်တဲ့သူတိုင်း နိုင်ငံရေးသမားမဟုတ်ဘူးဆိုတာကလည်း တချို့သူတွေက ကိုယ်ကျိုးစီးပွား၊ အတ္တအာဃာတတွေ၊ ပုဂ္ဂိုလ်ရေးကျော်ကြားမှုတွေအတွက် နိုင်ငံရေးသမားအရေခွံခြုံထားတတ်လို့ပါ'

'ကို ပြောသလိုဆို နိုင်ငံရေးသမားဆိုတာ တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်ဝံ့တဲ့သူတွေဖြစ်ရမယ်ပေါ့'

'ဟုတ်တယ် ဖြူလဲ့ရဲ့။ စင်ကာပူနိုင်ငံရဲ့ ဝါရင့်ဝန်ကြီးလီကွမ်ယူက မျိုးဆက်သစ်နိုင်ငံရေးသမားတွေကို ပြောဖူးတယ်။ ခံယူချက်ရှိဖို့လိုတယ်။ လေးနက်တဲ့ခံယူချက်မရှိရင် အပေါ်စားပုဂ္ဂိုလ်ရေးကျော်ကြားမှုတွေဘက်စိတ်ရောက်သွားလိမ့်မယ်။ တကယ်တော့ နိုင်ငံရေးဆိုတာ ဘဝနဲ့ရင်းရတယ်။ ဘဝကိုလောင်းကြေးထပ်ရတယ်။ ဒီလောက်အန္တရာယ်များတဲ့အလုပ်ကို ပုဂ္ဂိုလ်ရေးကျော်ကြားချင်စိတ်သက်သက်နဲ့တော့ ခင်ဗျားလုပ်လို့ရမှာမဟုတ်ဘူး။ ခံယူချက်ရှိဖို့လိုတယ်။ ဘဝနဲ့ရင်းရဲတဲ့ခံယူချက်မျိုးရှိမှဖြစ်မယ်တဲ့'

'ခံယူချက်တို့၊ စွန့်ဝံ့တဲ့စိတ်တို့အပြင် ဘာတွေလိုသေးလဲ'

'အဓိကအကျဆုံးကတော့ နိုင်ငံချစ်စိတ်ပါပဲ။ ပြီးမှ ခုနက ခံယူချက်တို့၊ စွန့်ဝံ့တဲ့စိတ်တို့ လာမှာပေါ့။ နောက်အရေးကြီးတာက အမြော်အမြင်ကြီးဖို့ပါ'

'ရှင်းစမ်းပါဦးရှင့်'

'အခုခေတ်က Social Media တွေ အရမ်းကျယ်ပြန့်လာပြီလေ။ သတင်းတစ်ခုကိုပဲ ပုံစံပြောင်းပြီး ထပ်ခါထပ်ခါတင်နေရင် သတင်းမဟုတ်တော့ဘဲ လှုံ့ဆော်မှုတစ်ခုဖြစ်လာတတ်တာမျိုး။ ပြည်သူလူထုဆိုတာ အရင်ကလို မဲပေးရုံသက်သက်မဟုတ်တော့ဘူး။ ကိုယ်တိုင်ပါဝင်ပတ်သက်နေကြပြီ။ ဒီတော့ လူထုကိုဦးဆောင်မယ့် နိုင်ငံရေးသမားဆိုတာ အခြေအနေကိုဆင်ခြင်နိုင်စွမ်း၊ သုံးသပ်နိုင်စွမ်း၊ Long Term Plan တွေချမှတ်နိုင်စွမ်းရှိဦးမှဖြစ်မှာ။ ပြီးတော့ ပြည်သူတွေရဲ့နိုင်ငံရေးအသိပညာရေချိန်ကလည်း အထိုက်အလျောက်မြင့်လာခဲ့ပြီး၊ ပြည်သူတွေက သူတို့ရဲ့ခံစားချက်၊ မကျေနပ်ချက်၊ မျှော်လင့်ချက်တွေအတွက် စနစ်တစ်ခုခု ဒါမှမဟုတ် ဝါဒတစ်ခုခု ဒါမှမဟုတ် ပါတီတစ်ခုခုကိုကိုယ်စားပြုတဲ့ နိုင်ငံရေးသမားနောက်ကိုလိုက်ကြရမှာ။ လူထုကိုဦးဆောင်မယ့်သူက လူထုကိုကျော်ကြည့်နိုင်ရမယ်။ ဦးဆောင်မယ့်နိုင်ငံရေးသမားက စဉ်းစားချင့်ချိန်မှုဉာဏ်အမြော်အမြင်မှာ ပြည်သူနဲ့ဘာမှမကွာလျှင် ပြည်သူကိုလမ်းမှားဆွဲခေါ်သွားဖို့ပဲများလိမ့်မယ်။ နိုင်ငံရေးသမားဆိုတာ ပြည်သူလူထုကိုဦးဆောင်ပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ အားလုံးအတွက်အကျိုးရှိမယ့် လမ်းကြောင်းပေါ်ခေါ်သွားနိုင်ရမယ်။ ပုဂ္ဂလခံစားချက်တွေ ဖယ်ထားနိုင်ရမယ်။ ကိုယ်ကိုယ်တိုင်မှာရော၊ ကိုယ့်ပါတီအဖွဲ့အစည်းမှာရော ဒေါသ၊ မောဟ၊ အာဃာတတွေဖယ်ရှားနိုင်ရမယ်။ ကိုယ့်ပါတီအကျိုးနဲ့ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးယှဉ်လာလျှင် ကိုယ့်မူဝါဒတွေကိုပြင်သင့်လျှင်ပြင်၊ ပြောင်း သင့်လျှင်ပြောင်းနိုင်ရမယ်'

'နောက်ပြီး နိုင်ငံရေးသမားဆိုတာ ခေတ်စနစ်နဲ့မျက်ခြေမပြတ်သင့်ဘူး။ ခေတ်မီနည်းပညာတွေ ခေတ်ပြိုင်အယူအဆတွေနဲ့ မစိမ်းသင့်ဘူး။ အခုခေတ်က တိုင်းပြည်တည်ဆောက်တဲ့ခေတ်ဖြစ်နေပြီ။ ဟိုးအရင်ခေတ်တုန်းကတော့ တော်လှန်ရေးသမားဆိုတာ နိုင်ငံရေးသမားပဲ။ အခုခေတ်မှာကတော့ နိုင်ငံရေးသမားဆိုတာ တည်ဆောက်ရေးသမားပဲဖြစ်သင့်တယ်။ တော်လှန်ရေး (Revolution) ထက် ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ် (Evolution) ကသာ နိုင်ငံနဲ့နိုင်ငံသားတွေအတွက် အကျိုးများစေနိုင်တယ်ဆိုတာ အားလုံးလည်းသိနေကြပြီ။ ဒါကို ခေတ်နောက်ပြန်ဆွဲပြီး တစ်ခုခုတစ်စုံတစ်ရာကို တော်လှန်ဖို့လှုံ့ဆော်နေရင်တော့ ဒီလိုနိုင်ငံရေးသမားမျိုးက သူကိုယ်တိုင်ရော၊ သူ့နောက်ကိုလိုက်မိသူတွေကိုရော ချောက်ထဲဆွဲချသွားမှာပဲ။ အရမ်းအန္တရာယ်များပါတယ်'



'အမယ်လေး နိုင်ငံရေးသမားဖြစ်ဖို့လိုအပ်ချက်တွေ အများကြီးပါလား ကိုရယ်'

'ရှိသေးတာပေါ့ဖြူလဲ့ရယ်။ နိုင်ငံရေးသမားတစ်ယောက်ဖြစ်ဖို့ နိုင်ငံရေးယဉ်ကျေးမှုဆိုတာလည်း နားလည်ဦးမှ'

'ဘယ်ကဘယ်လို နိုင်ငံရေးနဲ့ယဉ်ကျေးမှုတွဲမိသွားတာလဲ'

'ဒီမိုကရေစီဆိုတာ မတူခြားနားတဲ့အတွေးအမြင်မျိုးစုံကို စုစည်းထားတာပါ။ လူ့စိတ်၊ လူ့အတွေးအခေါ်ဆိုတာလည်း တစ်သားတည်းဖြစ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီတော့ ဒီမိုကရေစီစနစ်မှာလည်း အချင်းချင်းကွဲကြ၊ ပြဲကြပေမဲ့ အချင်းချင်းချဲကြတဲ့အဆင့်မရောက်ဖို့လိုပါတယ်။ သူနဲ့ကိုယ် ဝါဒခြင်းကွာကြပေမဲ့ အတူနေနိုင်ရမယ်။ ဆန့်ကျင်ဘက်အင်အားစုတွေတစ်ဘက်နဲ့တစ်ဘက် အပြန်အလှန်ဖယ်ထုတ်ဖို့ကြိုးစားမနေဘဲ အတူတည်ရှိနိုင်ရမယ်။ တစ်ယောက်နဲ့တစ်ယောက် အပြုတ်တိုက်ဖို့မကြိုးစားဘဲ အတူလက်တွဲလုပ်နိုင်ရမယ်။ ဒါနိုင်ငံရေး ယဉ်ကျေးမှုပဲလေ'

'ဒါဆို နိုင်ငံရေးသမားဆိုတာ ဘယ်သူနဲ့မဆို လက်တွဲပြီး လုပ်နိုင်ရမယ်ပေါ့နော် အစ်ကို'

'ဟုတ်တယ်ညီမလေးရဲ့။ အာဏာရပါတီနဲ့ပဲဖြစ်ဖြစ်၊ အတိုက်အခံပါတီနဲ့ပဲဖြစ်ဖြစ်၊ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက်ဆိုရင် လက်တွဲပြီးမလုပ်နိုင်စရာ အကြောင်းမရှိပါဘူး။ ခေါင်းဆောင်တွေ ဂိုဏ်းကွဲ၊ သင်းခွဲနေရင် နောက်လိုက်တွေလည်း အချင်းချင်းညီညွတ်စရာ အကြောင်းမရှိပါဘူး။ ဒါဆို လူထုလည်းဝါးအစည်းပြေသလို အင်အားချည့်နဲ့သွားမှာပဲ။ ဒီနေရာမှာ ကြုံလို့ဥပမာလေး ပေးချင်သေးတယ်ညီမလေးရဲ့'

'၁၉၄၆ မှာဖဆပလ က ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလခေါင်းဆောင်၊ သခင်သန်းထွန်းက ကွန်မြူနစ်ခေါင်းဆောင်၊ တစ်နေ့ဗိုလ်ချုပ်တပည့်တွေက ဗိုလ်ချုပ်ကို ကွန်မြူနစ်တွေအကြောင်းလာတိုင်ကြတော့ ဗိုလ်ချုပ်က မင်းတို့မီးလောင်ရာလေမပင့်ကြနဲ့လို့ ငေါက်ထားရတယ်။ အဲဒီအချိန်မှာပဲ သခင်သန်းထွန်းရောက်လာတော့ ဗိုလ်ချုပ်က ကိုင်း ကိုသန်းထွန်းရေ ခင်ဗျားနဲ့ကျွန်တော် နပန်းလုံးဖို့ပဲကျန်တော့တယ်လို့ ရယ်ရယ်မောမောပြောလိုက်သတဲ့။ ကိုကြီးပြောချင်တာက နောက်လိုက်တွေ ကွဲစေဦး၊ ခေါင်းဆောင်က အမြော်အမြင်ရှိရှိ အခြေအနေကို ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်ရမယ်။ ဒီမိုကရေစီဆိုတာ မတူတာခွဲလုပ်၊ တူတာတွဲလုပ်ဖို့ပဲ မဟုတ်လား။ ခေါင်းဆောင်တွေညီညွတ်ပါမှ နောက်လိုက်တွေစည်းလုံးမိမှာ။ ဒါဆို ပြည်သူလူထုကြီးလည်း တစ်စုတစ်စည်းတည်း

စာမျက်နှာ ၁၈ သို့ -

# သင်/
# ပြည်သူအများ၏အကျိုးကို ရိုးရိုးသားသား - ကြိုးကြိုးစားစား - စေတနာဖြင့် ထမ်းဆောင်နေပါရဲ့လား ?

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော





မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်က အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို) စုဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာနှင့် သယ်ဆောင်သည့်နည်းလမ်းများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမြမြခိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သော ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သင်းသင်းလှိုင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ပညာပေးဆွေးနွေးဟောပြောခဲ့ကြပြီး စက်ရုံဒုအထွေထွေမန်နေဂျာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မှဌာနဆိုင်ရာများ၊ စက်ရုံအထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ စိတ်ဝင်တစားတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **KS**

## ကစစ (၁၂) ထုံးဘို၌ ထမနဲထိုးပြိုင်ပွဲကျင်းပ

အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို) ရှိ စက်ရုံဝန်ထမ်းများစုပေါင်း၍ အလုပ်ရုံ/ဌာနအလိုက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ၁၃. ၂. ၂၀၁၄ ရက်နေ့ နံနက်ပိုင်းက စုပေါင်းရုံးရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့ရာ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာ၊ လက်ထောက်အထွေထွေမန်နေဂျာနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်အားပေးခဲ့ကြသည်။



ထမနဲထိုးပြိုင်ပွဲတွင် အလုပ်ရုံ/ဌာနအလိုက် အသင်း ၈ သင်းတို့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို စီမံခန့်ခွဲရေးဌာနမှလည်းကောင်း၊ ဒုတိယဆုကို စီမံကိန်းဌာနမှလည်းကောင်း၊ တတိယဆုကို ထုတ်လုပ်ရေးဌာန (၁) ဌာနမှလည်းကောင်းရရှိပြီး နှစ်သိမ့်ဆု ၅ သင်းကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်းသိရသည်။

**KS**




**စာမျက်နှာ ၁၇ မှ -**

ဖြစ်ပြီး မဖြိုခွဲနိုင်တဲ့အင်အား၊ တိုက်ပွဲ မှာ အနိုင်ရမယ့် စွမ်းအားဖြစ်လာမှာပေါ့။ တစ်မျိုးသားလုံးညီညွတ်မှ အားလုံးအတွက် အကျိုးရှိအောင်လုပ်နိုင်မှာပေါ့’ ‘ကို ပြောသလိုဆို နိုင်ငံရေးသမားတွေ တစ်ယောက်နဲ့တစ်ယောက် တိုင်းပြည်ကိုဘယ်သူပိုချစ်လဲ ပြိုင်ရမယ်ထင်တယ်နော်’

‘အဲဒီထက်ပိုပါတယ် ဖြူလဲ့ရယ်။ ကိုယ်တို့နိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်ပါဦး။ လွတ်လပ်ရေးတိုက်ပွဲတုန်းက သွေးသောက်ညီအစ်ကိုတွေ လွတ်လပ်ရေးရပြီးတဲ့နောက် ညီအစ်ကိုချင်းစစ်ခင်းကြတယ်။ သူ့ပါတီ၊ ကိုယ့်ပါတီ မူဝါဒမတူကြတာနဲ့ အပြုတ်တိုက်ခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ကိုယ်တို့နိုင်ငံလည်း နောက်ကျကျန်ရစ်တယ်။ တကယ်တော့ ခေတ်အဆက်ဆက် နိုင်ငံရေးသမားအသီးသီးက သူတို့နည်းသူတို့ဟန်နဲ့ တိုင်းပြည်ကိုချစ်တဲ့သူချည်းပါပဲ။ ဒီအတွက်လည်း သံသယရှိစရာမလိုပါဘူး။ သူတို့တွေ တိုင်းပြည်ကိုချစ်ကြပေမယ့် မချစ်တတ်ကြတော့ တိုင်းပြည်လည်းတိုးတက်သင့်သလောက် မတိုးတက်ဘူးပေါ့။ တိုင်းပြည်ကို ဦးဆောင်မယ့် နိုင်ငံရေးသမားတွေ တိုင်းပြည်ကိုဘယ်သူပိုချစ်တတ်လဲဆိုတာပါ ပြိုင်ဆိုင်သင့်တာပါပဲလို့ ပြောချင်တော့တယ်’

စကားအရှည်ကြီးပြောပြီးတော့ ကျွန်တော်မောနေမိသည်။ ဖြူလဲ့နှင့် ညီမလေး လဲ့လဲ့လည်း တုန့်ပြန်စကားမဆိုနိုင်၊ ငြိမ်သက်လျက်။ ကျွန်တော်တို့ ရှေ့က မသောက်ရသေးတဲ့ ကော်ဖီခွက်လေးတွေက အေးစက်လို့။

# ဒုတိယဝန်ကြီး ဦးသိန်းအောင်
## အင်ဒိုနီးရှားနိုင်ငံတွင် အစည်းဝေးတက်ရောက်

ကုလသမဂ္ဂဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (UNCRD)၊ ဂျပန်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MOEJ) နှင့်အင်ဒိုနီးရှားနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်းကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ၊ Surabaya မြို့တွင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် အာရှ-ပစိဖိတ်ဒေသအတွင်းစွန့်ပစ်ပစ္စည်းများလျှော့ချရေးနည်းလမ်း (၃) သွယ်ဆိုင်ရာပဉ္စမအကြိမ်မြောက်အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင် တက်ရောက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အစည်းအဝေးတက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ မော်တော်ယာဉ်မိုလ်နှင့်ဒိုင်ထုတ်လုပ်မှုစီမံကိန်းနှင့် ကုန်တင်မော်တော်ယာဉ်ဝင်ရိုးထုတ်လုပ်မှုစီမံကိန်းအတွက် စီမံကိန်းသုံးသပ်မှုအစည်းအဝေးတက်ရောက်ရန်နှင့် စက်ပစ္စည်းများသဘော်မတင်မီစစ်ဆေးရန်အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးသောင်း၊ စက်မှုစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီ၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) မှ ဒုအထွေထွေမန်နေဂျာ ဦးအောင်မျိုးခိုင်၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) မှ ဒုအထွေထွေမန်နေဂျာ ဦးမြမိုး၊ အမှတ် (၂၂) အကြီးစားစက်ရုံ (ဘီးလင်း) မှ မန်နေဂျာ ဦးနေလွင်ထွဋ်နှင့် အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) မှ လက်ထောက်မန်နေဂျာ ဦးနေရဲအောင်တို့သွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**QUALI TY I S A**
**NEVER ENDI NG JOURNEY**

## (Accessible Bus) တပ်ဆင်ရေး ဝန်ထမ်းများအားဂုဏ်ပြု



မြန်မာနိုင်ငံက ပထမအကြိမ်အိမ်ရှင်နိုင်ငံအဖြစ် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ရာ အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားသမား စုစုပေါင်း ၁,၄၈၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲဝင်အားကစားသမားများ သက်ဆိုင်ရာတည်းခိုဆောင်များမှ ပြိုင်ပွဲကွင်းအတွင်း သွားလာရေးအဆင်ပြေစေရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းအားကစားသမားများ စီးနင်းနိုင်သည့် (Accessible Bus) အစီး ၄၀ ကိုတပ်ဆင်ထုတ်လုပ်ပေးခဲ့ရာ အားကစားသမားများလွယ်ကူအဆင်ပြေသဖြင့် အထူးနှစ်ခြိုက်သဘောကျခဲ့ကြသည်။

အဆိုပါ (Accessible Bus) များကို တပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသည့် စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) (ထောက်ကြန့်) မှဝန်ထမ်းများအားဂုဏ်ပြုပွဲကို ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ကယင်းစက်ရုံ၌ကျင်းပပြုလုပ်ခဲ့ရာ စက်ရုံအထွေထွေမန်နေဂျာ ဦးမျိုးချိုက ဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

## သူနာပြုဒီပလိုမာသင်တန်းသားများ စက်ရုံလေ့လာ



အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) သို့ဖေဖော်ဝါရီလ ၃ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ဖွင့်လှစ်ထားသောသူနာပြုသင်တန်းကျောင်းမှ သူနာပြုဒီပလိုမာနောက်ဆုံးနှစ် သင်တန်းသား/သူ ၅၂ ဦးသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဌေးနှင့်နည်းပြများဦးဆောင်လျက် လုပ်ငန်းခွင်လေ့လာရေး (Occupational Health) ဘာသာရပ်အတွက် ကွင်းဆင်းလေ့လာရေးလာရောက်ခဲ့ရာ အထွေထွေမန်နေဂျာ ဦးမင်းအောင်မှ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံသမိုင်းကြောင်းရာဇဝင်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် (Process) များကို Projector ဖြင့်ရှင်းလင်းပြသပြီး၊ လုပ်ငန်းခွင်အတွင်း လ/ထမန်နေဂျာ ဦးခင်မောင်ဝင်း ဦးဆောင်၍အဖွဲ့ငယ် ၄ ဖွဲ့ခွဲကာ ကုန်ထုတ်ဌာနအသီးသီးရှိ ဝန်ထမ်းများ၏ကျန်းမာရေးအခြေအနေ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆွေးနွေးခြင်း၊ မေးမြန်းလေ့လာခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရှိရသည်။

**ဓာတုမောင် (ကြံခင်း)**

**RESOURCES ARE LI MI TED**
**CREATI VI TY I S UNLI MI TED**

## အိန္ဒိယနိုင်ငံတွင် သင်တန်းတက်

အိန္ဒိယသမ္မတနိုင်ငံတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ဧပြီလ ၂၂ ရက်နေ့အထိ ရက်သတ္တပတ် ၁၂ ပတ်ကြာဖွင့်လှစ်ပို့ချမည့် မြန်မာနိုင်ငံရှိအင်ဂျင်နီယာဘွဲ့ရများအတွက် Fresh Software ထူထောင်ရေးသင်တန်းသို့ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ (ချောက်) မှ အလုပ်ရုံစုမှူး ဒေါ်မွန်မွန်အောင်နှင့် စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာနမှ စက်မှုစိမံ (၃) ဒေါ်နန်းသူဇာတို့ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆယ်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့မှလည်း တက်ရောက်ကြကြောင်းသတင်းရရှိသည်။





မြန်မာ့လယ်ယာကဏ္ဍတစ်ခေတ်ဆန်းစေဖို့
လယ်ယာသုံးစက်ကိရိယာများသုံးကြစို့

